ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်၊ ဗုဒ္ဓဟူးနေ့၊ (18-6-2008) (၅၇၁၃)

ရင်းရင်းနှီးနှီး နှုတ်ဆက်

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ငပုတောမြို့နယ် ကျောက်ကလပ်ကျေးရွာမှ လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။

(သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဧရာဝတီတိုင်း ငပုတောမြို့နယ် ကျောက်ကလပ်ကျေးရွာမှ လေဘေးသင့်ပြည်သူများအား နှုတ်ဆက်အားပေး

လပွတ္တာမြို့နယ် ပြင်စလူမြို့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကြည့်ရှု

နေပြည်တော် ဇွန် ၁၇

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသည့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယနေ့ နံနက် ၉နာရီ ၁၅မိနစ်တွင် ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့မှ ငပုတောမြို့နယ် ကျောက်ကလပ်ကျေးရွာသို့ ရောက်ရှိသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်ကလပ်ကျေးရွာမှ လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြပြီး ဆယ်တင်ပစ္စည်းများနှင့် ဒေသထွက်ပစ္စည်းများဖြင့် ပေါင်းစပ်၍ ပြန်လည်တည်ဆောက်ထားသည့် ယာယီတဲအိမ်များကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်ကလပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ ရောက်ရှိကြပြီး ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာများအား တွေ့ဆုံ၍ ကျောင်းအဆောက်အအုံများ ပြုပြင်ပြီးစီးမှုအခြေအနေ၊ ကလေးများအား စာသင်ကြားပေးနေမှု အခြေအနေများကို မေးမြန်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ငပုတောမြို့နယ် ကျောက်ကလပ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲတွင် ကျောင်းသား၊ ကျောင်းသူများ စာသင်ကြားနေမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ယနေ့ ဆောင်းပါးအညွှန်း

"အဖျက်သမားတွေကတော့ စိုးရိမ်ထိတ်လန့်အောင် အမင်္ဂလာနိမိတ်တွေကို (သူတို့ကိုယ်တိုင် မဟုတ်မှန်မှန်းသိသိကြီးနဲ့ ပေါ်တင်) ပြောတယ်။ အဲဒါ ကောလာဟလပါပဲ။ ဈေးစကား၊ လမ်းပေါ်က စကားတွေထဲမှာ ကောလာဟလတွေ ညပ်ပါလာတတ်တယ်။"

သိပ္ပံကျော်ဖေဇော်၏ "ကောလာဟလ" (ဆောင်းပါး)

စာမျက်နှာ-၆

အတည်ပြုဖောင် ၃း၁၅

ကြေးမုံ
The Mirror
၁၈-၆-၂၀၀၈
(ဗုဒ္ဓဟူးနေ့)

စိတ်ဓာတ်နှင့်ပညာအရည်အသွေးမြင့်မားရေး မျိုးဆက်သစ်လူငယ်များအား လေ့ကျင့်ပျိုးထောင်

နိုင်ငံတော်အစိုးရက နိုင်ငံနှင့်လူမျိုး အဘက်ဘက်က ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရေး ကြိုးပမ်းလျက်ရှိရာတွင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် နယ်ပယ်စုံကဏ္ဍစုံ၌ ရည်မှန်းချက်များ ထားရှိဖော်ဆောင်နေသည်။

တစ်ချိန်တည်းတွင် နိုင်ငံအတွင်းဖြစ်တည်နေသည့် ရေမြေသဘာဝသယံဇာတကြွယ်ဝမှုနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ စွမ်းအားကိုပေါင်းစပ်ပြီး မြို့ပြဖွံ့ဖြိုးမှုလုပ်ငန်းများ၊ စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အအုံများကို ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိသည်။ ဆည်မြောင်းတာတမံများ၊ မြစ်ကူးချောင်းကူးတံတားကြီးများနှင့် လမ်းများ၊ အပြည်ပြည်ဆိုင်ရာလေဆိပ်၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းနှင့် ခေတ်မီကုန်တင်ကုန်ချ ကိရိယာများသည် အဘက်ဘက်က တိုးတက်ဖြစ်ထွန်းလာမှု၏ ရလဒ်ကောင်းများပင်ဖြစ်သည်။

ယင်းသို့သော အခြေအနေအချိန်အခါကောင်းတွင် ပညာရေးကဏ္ဍ၏ ပင်မစွမ်းအားစုများဖြစ်သည့် ဆရာ၊ ဆရာမများ၏ သင်ကြားပြသ၊ လမ်းမှန်ညွှန်ပြ ထိန်းကျောင်းပေးမှုသည် ပဓာနကျသည်။ ကျောင်းသား၊ ကျောင်းသူ လူငယ်များအား ပညာရပ်အလိုက် ထူးချွန်ထက်မြက်လာစေရန်သာမက နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးမှု၊ စာရိတ္တကြံ့ခိုင်မှု၊ စိတ်ထားမွန်မြတ်မှုစသည့် စိတ်ဓာတ်ရေးရာ အခြေခံကောင်းများ ရရှိလာစေရေး အသိပညာပေးကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက အမျိုးသားပညာရည်မြင့်မားရေး ရည်မှန်းချက်၊ စဉ်ဆက်မပြတ်လေ့လာသင်ယူနေသော မြန်မာ့လူ့ဘောင် အဖွဲ့အစည်းဖြစ်ပေါ်လာရေး မျှော်မှန်းချက်များ အောင်မြင်ရေး အလေးထားဖော်ဆောင်ပေးလျက်ရှိသည်။ ခေတ်မီသင်ကြားမှု၊ သင်ယူမှုနည်းစနစ်များနှင့် ပညာရေးဆိုင်ရာ အခြေခံကောင်း၊ ပတ်ဝန်းကျင်ကောင်းများကို တည်ဆောက်ဖြည့်ဆည်းပေးနေပြီဖြစ်သည်။

ယင်းသို့ ခေတ်မီဆက်သွယ်ရေးနည်းပညာနှင့် သင်ယူနိုင်မှု အခွင့်အလမ်းကောင်းများ ဖြစ်ထွန်းလျက်ရှိသည်နှင့်အညီ လူငယ်လူရွယ်များအပါအဝင် ပြည်သူအများစုသည် အတွေးအမြင်သစ်များဖြင့် အခြေအနေအရပ်ရပ်ကို သုံးသပ်ဆင်ခြင်ပြီး အမျိုးသားရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်သည်။

ပညာရေး ဥယျာဉ်မှူးများဖြစ်ကြသည့် ဆရာ၊ ဆရာမများက တပည့်ကျောင်းသား၊ ကျောင်းသူများအား စိတ်ဓာတ်နှင့် ပညာအရည်အသွေး မျှတစွာတိုးတက်မြင့်မားလာစေရေး စေတနာစွမ်းအားအပြည့်အဝထား၍ ပြုစုပျိုးထောင်သင်ကြားပေးခြင်းဖြင့် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ပေါ်ထွက်နေမည် ဖြစ်ပါသည်။ ။

ရန်ကုန်မြို့ သာကေတမြို့နယ် ၇-ဈေးလမ်းနေ ဦးရွှေအေး-ဒေါ်စောတင် မိသားစုတို့က ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် နှစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ-နိ (ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးသက်ဝေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လပွတ္တာမြို့နယ် လေဘေးသင့်ပြည်သူများအတွက် အလှူငွေ၊ ဆန်နှင့် အစားအသောက်များ၊ လူသုံးကုန်ပစ္စည်းများလှူဒါန်း

ရန်ကုန် ဇွန် ၁၇

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် လေဘေးသင့်ပြည်သူများအတွက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အလှူရှင်များက ဇွန် ၁၅ ရက် နံနက်ပိုင်းကွင် လပွတ္တာမြို့နယ်ရှိ ဘုရင့်နောင်ရိပ်သာသို့ ရောက်ရှိကြပြီး အလှူငွေ၊ ဆန်နှင့် ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က လက်ခံသည်။

လပွတ္တာမြို့နယ်အတွက် လှူဒါန်းကြသော အလှူငွေ၊ ဆန်နှင့် ပစ္စည်းများမှာ မြောင်းမြမြို့နယ် ဆန်လုပ်ငန်းရှင်များအသင်းမှ ဦးသန့်ဇင်က ငွေကျပ်သိန်း ၃၀၊ ဦးတင်ကိုကို (တော်ဝင်မြင့်ကုမ္ပဏီ)၊ ဦးအေးသိန်း (ဧရာကျော်ကုမ္ပဏီ)၊ ဦးဝင်းဦး (ဝင်းမြတ်မှူးကုမ္ပဏီ)၊ ဦးမျိုးမင်းနိုင် (တော်ဝင်ကြယ်ကုမ္ပဏီ)တို့က ငွေကျပ် သုံးသိန်းစီ၊ ဦးနေလင်း (ပဒေသာဆန်ရောင်းဝယ်ရေး)က ငွေကျပ်နှစ်သိန်း၊ ဦးစိန်ဝင်းလှိုင်(UMFCCI-အတွင်းရေးမှူး)က ငွေကျပ်တစ်သိန်း စုစုပေါင်း ငွေကျပ်၄၅ သိန်း၊ ရွှေနိုင်ငံအာရှဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီက ဆန်အိတ် ၅၀၀၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) က ဆန်အိတ် ၄၀၀၊ ရွှေနဂါးမင်းကုမ္ပဏီက ဆန်အိတ် ၄၀၀၊ Nine Sea ကုမ္ပဏီက ဆန်အိတ် ၃၀၀၊ UMFCCI (ရန်ကုန်အသင်းဆိုင်)၊ ရန်ကုန် ဆန်ကုန်စည်ဒိုင်၊ ဦးဝင်းမြင့်(ရတနာဝင်းကုမ္ပဏီ)နှင့် ကြက်သွန်နီ/ဖြူကုန်သည်များအသင်း(ရန်ကုန်)တို့က ဆန်အိတ် ၁၀၀ စီ စုစုပေါင်း ဆန်အိတ် ၂၀၀၀ နှင့် အစားအသောက်မျိုးစုံ၊ အဝတ်အထည်အသုံးအဆောင်ပစ္စည်း ၁၄ မျိုးတို့ကို လာရောက်လှူဒါန်းကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

လေဘေးသင့်ပြည်သူများ ကျန်းမာရေးစောင့်ရှောက်ရန် ဗီယက်နမ်ဆေးကုသရေးအဖွဲ့ ဆေးနှင့်ဆေးပစ္စည်းများလှူဒါန်း

ရန်ကုန် ဇွန် ၁၇

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဆေးကုသရေးအဖွဲ့မှ လေဘေးသင့်ဒေသနေပြည်သူများ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ဆေးနှင့်ဆေးပစ္စည်းများ လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၁၅ ရက် ည ၈ နာရီတွင် ရန်ကုန်မြို့ Park Royal Hotel ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဒုတိယနိုင်ငံခြားရေးဝန်ကြီး H.E.Mr. Dao Viet Trung၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Tran Van Tung၊ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆေးကုသရေးအဖွဲ့ခေါင်းဆောင် Mr. Luong Ngoc Khue နှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာဝင်းမြင့်နှင့် ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး) ဒေါက်တာစောလွင်တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဆေးကုသရေးအဖွဲ့ခေါင်းဆောင် Mr. Luong Ngoc Khue က လေဘေးသင့်ဒေသနေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် အသုံးပြုရန် ဆေးနှင့်ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဆေးကုသရေးအဖွဲ့ခေါင်းဆောင် Mr. Luong Ngoc Khue က လေဘေးသင့်ဒေသ ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန် ဆေးနှင့်ဆေးပစ္စည်းများကိုကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(ကျန်းမာရေး)

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ပေးပို့လှူဒါန်း

နေပြည်တော် ဇွန် ၁၇

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့်တပ်မတော်သားမိသားစုများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ ကရင်ပြည်နယ်မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၅၉၃၆၀၀၊ချင်းပြည်နယ်မှစေတနာရှင်ပြည်သူများက ငွေကျပ် ၄၃၀၄၂၀၀၊ တနင်္သာရီတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၁၀သိန်းတန်ဖိုးရှိ လယ်ယာသုံးပစ္စည်းများ၊ ပဲခူးတိုင်းမှစေတနာရှင်ပြည်သူများက ငွေကျပ် ၅၈၄၇၇၅၀၀ တန်ဖိုးရှိ စပါး ၁၁၁၇၅ တင်းနှင့် ဝါးအလုံး ၅၀၅၀၀၊ မန္တလေးတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၂၁၆၉၆၀၀တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ၊ မွန်ပြည်နယ်မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၁၂၇၂၁၀၊ရှမ်းပြည်နယ်(တောင်ပိုင်း)မှ စေတနာရှင် ပြည်သူများနှင့် တပ်မတော်သား မိသားစုများက ငွေကျပ်သိန်း ၁၀၀နှင့် ငွေကျပ် ၁၂၄၁၀၀၀တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြပြီးဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့လာရောက်လှူဒါန်းငွေကျပ်၇၈၅၀၀၀အပါအဝင်စေတနာရှင်ပြည်သူများ၏ယနေ့လှူဒါန်းသည့် ငွေနှင့်ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှ ငွေကျပ် ၇၈၆၆၈၁၁၀ဖြစ်ရာ ဇွန်၁၇ရက်အထိ လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ၁၂၆၄၀၉၁၆၆၆၁ကျပ်ရှိပြီဖြစ်ကြောင်းသိရှိရသည်။(သတင်းစဉ်)

လပွတ္တာမြို့နယ်၌ နှံ့ကားမျိုးစပါး တင်း ၂၄၀၀ ဖြန့်ဝေမည်

ရန်ကုန် ဇွန် ၁၇

မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းက လပွတ္တာမြို့နယ် အမတ်ကျေးရွာအတွက် နှံ့ကားမျိုးစပါးတင်း ၁၄၀၀၊ အလယ်ကျော်ကျေးရွာအတွက် တင်း ၁၀၀၀ တို့ကို ကျေးရွာများရှိ တောင်သူလယ်သမားများထံ ဖြန့်ဝေပေးရန် ယနေ့နံနက်ပိုင်းတွင် လပွတ္တာမြို့ဆိပ်ကမ်းမှ ထွက်ခွာသွားကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်း

တာချီလိတ်မြို့နယ်ရှိ ရော်ဘာစိုက်ပျိုးရေးခြံနှင့် ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၇

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့တွင်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၁၅ ရက် နံနက်ပိုင်းတွင် တာချီလိတ်မြို့နယ်ရှိ ရွှေမြေသာယာ ရော်ဘာစိုက်ပျိုးရေးခြံသို့ ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်း တာချီလိတ်မြို့နယ် ရွှေမြေသာယာ ရော်ဘာစိုက်ပျိုးရေးခြံကိုကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ ရွှေမြေသာယာရော်ဘာ စိုက်ပျိုးရေးခြံပိုင်ရှင် ဦးစိုင်းညိုက စိုက်ပျိုးရေးခြံတွင် ၂၀၀၅ ခုနှစ်မှ စတင်၍ ရော်ဘာစိုက်ပျိုးခဲ့ပြီး ယခုအခါ ၇၀၄ ဒသမ ၅၀ ဧကတိုးချဲ့ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်း

ထို့နောက်တာချီလိတ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်သန်းက ခရိုင်အတွင်း ရော်ဘာစိုက်ပျိုးမှု အခြေအနေများကိုလည်းကောင်း၊ ပြည်နယ်မြေစာရင်း ဦးစီးမှူး ဦးခင်မောင်ဗိုလ်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် မြေလွတ်၊ မြေရိုင်း လုပ်ကိုင်ခွင့်ရရှိသူများနှင့် မြေပုံကူးခွင့်ကျပြီးသူများအခြေအနေ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ မြေယာဖော်ထုတ် စိုက်ပျိုးပြီးစီးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရွှေမြေသာယာ ရော်ဘာစိုက်ပျိုးရေးခြံအတွင်း၌ လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ဖြည့်ဆည်း

ဆက်လက်၍ ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တာချီလိတ်မြို့ရှိ မြန်မာ့သစ်လုပ်ငန်း ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာနသို့သွားရောက်ကြည့်ရှု စစ်ဆေးရာ ရှင်းလင်းဆောင်၌ မြန်မာ့သစ်လုပ်ငန်းပြည်နယ်မန်နေဂျာ ဦးမောင်သန်းက ကျွန်းနှင့် ပိတောက်သစ်လုံးများ နှစ်အလိုက် လက်ခံထုတ်လုပ် တင်ပို့ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက သတ်မှတ် သစ်တန်အရေအတွက်အတိုင်း အချိန်မီသစ်ဆိပ်စုပုံရေးနှင့် သစ်ကွင်းများ၏ မီးဘေးအန္တရာယ်ကို အထူးအလေးထား ဆောင်ရွက်ကြရေးတို့ကို တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည်တာချီလိတ်မြို့ရှိ နဂါးနှစ်ကောင်ကျောင်းတိုက်သို့ ရောက်ရှိပြီးကျောင်းတိုက်ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဓမ္မသီရိအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဖူးမြော်

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် နဂါးနှစ်ကောင် ကျောင်းတိုက် အတွင်းရှိ ဘုရားများအား လှည့်လည်ဖူးမြော်ကြည်ညိုပြီး တာချီလိတ်မြို့တွင် ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် ကော့မှူးမြို့နယ် ငှက်အော်စမ်းကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်း ကျောင်းခွဲ ပြန်လည်ပြင်ဆင် ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (အား/ကာ)

ဧရာဝတီတိုင်း၊ လပွတ္တာမြို့နယ်၊ ကန်ဘက်ကျေးရွာ အထက်တန်းကျောင်းခန်းမ၌ ဇွန် ၁၃ ရက်က လေဘေးသင့်ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်ဒါဇင် ၅၀၀၊ ဘောပင် ၅၀၀၊ ခဲတံ ၅၀၀၊ ခဲဖျက် ၅၀၀နှင့် ချွန်စက် ၅၀၀ တို့ကို ရန်ကုန်မြို့ ၃၂ လမ်းနေ ဟာဂျီဦးခင်မောင်သန်း (လစန္ဒာပုံနှိပ်မင်နှင့် စက္ကူရောင်းဝယ်ရေးလုပ်ငန်း) ကိုယ်စား ကန်ဘက်ကျေးရွာမှဦးငြိမ်းရွှေကပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးစန်းလွင် လက်ခံယူစဉ်။ (က-ပ)

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

ကော့မှူးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ပြန်လည်ပြင်ဆင်ပြီးစီးမှု

ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ကြည့်ရှုစစ်ဆေး၊ ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

ရန်ကုန် ဇွန် ၁၇

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ငှက်အော်စမ်းကျေးရွာသို့ ဇွန် ၁၅ ရက် နံနက် ၉နာရီခွဲတွင် ရောက်ရှိပြီး ကျေးရွာရှိ တွံတေးစုဘုန်းကြီးကျောင်း ဆရာတော် ဦးကောသလ္လအား သွားရောက်ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ငှက်အော်စမ်းကျေးရွာ တွဲဖက် အခြေခံပညာအထက်တန်းကျောင်းခွဲသို့ သွားရောက်၍ စာသင်ဆောင်များ ပြန်လည်ပြင်ဆင်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး သော်တာဝင်း ဆောက်လုပ်ရေး ကုမ္ပဏီမှ လှူဒါန်းသည့် ဆရာ၊ ဆရာမများဝတ်စုံ၊ ပစ္စည်းစုံအိတ်၊ ဗလာစာအုပ်နှင့်ခဲတံများကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးအား ငှက်အော်စမ်း၊ နတ်ရေတွင်း၊ ရှမ်းတောလေး၊ တကူပုံ၊ ညောင်ထောက်၊ သံအိုင်၊ စမ်းကောက်၊ ပိန္နဲစမ်း၊ ဘုရားလေးငူ၊ မြောက်ချောင်၊ ကော်ခြံ၊ ရေတာရှည်ကျေးရွာများ၏ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများက ကျေးရွာတစ်ရွာချင်းအလိုက် ပျက်စီးဆုံးရှုံးမှုနှင့်ပြင်ဆင်ပေးရန် လိုအပ်မှုများကို တင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များဖြည့်ဆည်းပေးပြီး ဆန်၊ သောက်ရေသန့်၊ ခေါက်ဆွဲခြောက်၊တာပေါ်လင်စများနှင့်အဝတ်အထည်များကို လေဘေးသင့်ပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။ ဆက်လက်၍ ဝန်ကြီးသည် လူမှုဝန်ထမ်းဦးစီးဌာန ငှက်အော်စမ်း လူငယ်သင်တန်းကျောင်းသို့သွားရောက်၍ စာသင်ဆောင်ပြိုကျပျက်စီးမှုနှင့် ပြင်ဆင်ပြီးစီးမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လူငယ်သင်တန်းသားများအတွက် သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီမှလှူဒါန်းသည့် ငွေကျပ်နှစ်သိန်းကို ကျောင်းအုပ်ကြီးထံထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးသည် မဆယ်ဆိပ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း စာသင်ဆောင်များပြန်လည်ပြင်ဆင်ပြီးစီးမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆရာ၊ဆရာမများအတွက်ထောက်ပံ့ရေးပစ္စည်းများပေးအပ်၍ကျေးရွာနေပြည်သူများအားရင်းရင်းနှီးနှီးအားပေးစကားပြောကြားကာ လေဘေးသင့်ပြည်သူများအတွက်ထောက်ပံ့ရေးပစ္စည်းများပေးအပ်သည်။

ထို့နောက် ဝန်ကြီးသည် မဆယ်ဆိပ်ကျေးရွာမှ စက်လှေများဖြင့် ကျိုက်ထော်(မြောက်) ကျေးရွာသို့ရောက်ရှိပြီး ကျိုက်ထော်အခြေခံပညာအထက်တန်းကျောင်းနှင့် ကျိုက်ထော်တိုက်နယ်ဆေးရုံတို့သို့သွားရောက်၍ အဆောက်အအုံပြင်ဆင်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးနှင့် အတူလိုက်ပါလာသော အားကစားဝန်ကြီးဌာန ဆေးအဖွဲ့မှ ဆရာဝန်နှစ်ဦးနှင့် သူနာပြုလေးဦးတို့သည် လေဘေးသင့်ကျေးရွာများမှ လူနာ ၁၉၁ဦးအားဆေးဝါးကုသပေးသည့်အပြင် နိုင်ငံတော်မှထောက်ပံ့သည့် ဆန် ၁၉၇အိတ်၊ ရေသန့်ဘူး၁၅၀၀၊ တာပေါ်လင်စ ၁၄၄ ချပ်၊ အဝတ်အထည်/ပစ္စည်းစုံထုပ်၈၈ထုပ်တို့ကိုပေးအပ်ပြီး သော်တာဝင်းဆောက်လုပ်ရေးကုမ္ပဏီက အိမ်မိုးသွပ်အချပ် ၃၀၀၊ ပစ္စည်းစုံထုပ် ၁၀၀၀၊ ဆရာ၊ ဆရာမဝတ်စုံ ၁၆၃ ထုပ်၊ ဗလာစာအုပ်ဒါဇင် ၁၄၀၊ ခဲတံအချောင်း ၁၀၀၀တို့ကို ပါဝင်လှူဒါန်းခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ပြင်စလူမြို့သို့တစ်ခေါက် ရောက်ခဲ့ရာဝယ်

သတင်းဆောင်းပါး-မျိုးညွန့်(ကြေးမုံ)
ဓာတ်ပုံ-ဌေးအောင် (ကြေးမုံ)

ပြင်စလူမြို့သည် ဧရာဝတီတိုင်း မြောင်းမြခရိုင် လပွတ္တာမြို့နယ်တွင် ပါဝင်ပြီး ပင်လယ်ပြင်နှင့် အနီးဆုံး တည်ရှိသဖြင့် မေ ၂ရက်နှင့် ၃ရက်နေ့က တိုက်ခတ်သွားသော မုန်တိုင်းဒဏ်ကြောင့် များစွာထိခိုက်ပျက်စီးသွားသည်ကို သတင်းကြားသိရပြီး ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေး၊ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ ပူးပေါင်း၍လည်းကောင်း၊ နိုင်ငံတကာနှင့် INGOs, NGOs, တိုင်းရင်းသားလုပ်ငန်းရှင်များကပါဝင်ဆောင်ရွက်နေကြသည်ကို ကိုယ်တိုင်မြင်တွေ့သိရှိလို၍ ဇွန် ၉ ရက်တွင် မက်(စ်)မြန်မာကုမ္ပဏီမှ ကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေး ပစ္စည်းများပေးပို့သော ရေယာဉ်ဖြင့် လိုက်ပါကာ လေ့လာမိခဲ့သည်။

မိမိတို့သတင်းအဖွဲ့သည် နံနက် ၁၁ နာရီခန့်တွင် ပြင်စလူမြို့သို့ ရောက်ရှိသည်။ မက်(စ်)မြန်မာကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဇော်နှင့်အတူ ပြင်စလူမြို့ ကယ်ဆယ်ရေးစခန်းတွင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်ပေးနေမှု အခြေအနေများ၊ ကယ်ဆယ်ရေးစခန်း၏ လိုအပ်သော အခြေအနေများ၊ အခြေခံပညာကျောင်းများ ပြန်လည် တည်ဆောက်ရေး၊ ဘုန်းတော်ကြီးကျောင်းများ ပြုပြင်တည်ဆောက်ရေးတို့အတွက် မြို့၏ နေရာအခြေအနေများ စသည်တို့ကို လိုက်လံကြည့်ရှုခဲ့ပါသည်။

တစ်ဖန် ဆိပ်ကမ်းဘက်သို့ လှမ်းမျှော်ကြည့်လိုက်ရာတွင် သင်္ဘောပေါ်မှ ပါရှိလာသောကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး ပစ္စည်းမျိုးစုံတို့ကို သယ်ယူနေသည်ကို တွေ့ရှိရသည်။ ပစ္စည်းများမှာ ပြည်တွင်း

မြောင်းမြ ကယ်ဆယ်ရေးစခန်းမှ ပြန်လည်ရောက်ရှိလာသော ဦးထွန်းသိန်းမိသားစု။

ပြည်ပ အလှူရှင်များက လှူဒါန်းထားကြသော အစားအသောက်မျိုးစုံ၊ အသုံးအဆောင် ပစ္စည်းများ၊ ရွက်ဖျင်တဲဆောက်လုပ်ရန် တာပေါ်လင်လိပ်များ၊ မက်(စ်)မြန်မာကုမ္ပဏီက လှူဒါန်းသော စောင်၊ ဒန်အိုး အပါအဝင်ပစ္စည်းအမျိုးပေါင်း မြောက်မြားစွာကိုတွေ့ရှိရသည်။ ရေသန့်ထုတ်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းများကိုလည်း တွေ့မြင်ခဲ့ရသည်။

ထို့နောက် မိမိတို့ သတင်းအဖွဲ့သည် ရွက်ဖျင်တဲများ အစီအရီဖြင့် ရှိနေသောနေရာကို ရောက်ရှိ၍ တဲများအတွင်း နေထိုင်ကြသော လေဘေးသင့်ပြည်သူများအား တွေ့ဆုံမေးမြန်းခဲ့သည်။

ရှေးဦးစွာ မြောင်းမြမြို့ရှိ ကယ်ဆယ်ရေးစခန်းမှ ပြန်လည် ရောက်ရှိနေသော ဦးထွန်းသိန်း-ဒေါ်လှရီ၊ သား မောင်သိန်းထွေး မိသားစုကို တွေ့ဆုံမေးမြန်းခဲ့ရာတွင် "၎င်းတို့မိသားစုသည် ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း ပြုသူများဖြစ်ကြောင်း၊ ၎င်းတို့သည် မြောင်းမြကယ်ဆယ်ရေးစခန်းမှ မေ ၂၅ ရက်တွင် ပြင်စလူမြို့သို့ ပြန်လည်ရောက်ရှိလာကြောင်း၊ မိမိတို့ဆန္ဒအရ ပြန်လို၍ ပြန်လာခြင်းဖြစ်ပြီး ကယ်ဆယ်ရေးစခန်းမှလည်း ဆန်၊ ဆီ၊ အစားအသောက်မျိုးစုံနှင့် စောင်၊ ခြင်ထောင် အပါအဝင် ထောက်ပံ့ရေး ပစ္စည်းများစွာ ပံ့ပိုးပေးခဲ့ကြောင်း၊ ပစ္စည်းများနှင့်အတူ မြောင်းမြမြို့မှ ကားဖြင့် လပွတ္တာမြို့၊ ၎င်းမှတစ်ဖန် ရေယာဉ်ဖြင့် ပြင်စလူမြို့အရောက် ပို့ဆောင်ပေးခဲ့ကြောင်း။

ပြင်စလူမြို့သို့ ရောက်ရှိသောအခါ ပြင်စလူမြို့ ကယ်ဆယ်ရေးစခန်းသို့ သတင်းပို့၍ နေထိုင်လိုသော နေရာတွင် ရွက်ဖျင်တဲထိုးပေးခဲ့ကြောင်း၊ သောက်ရေအတွက် သောက်ရေသန့်ဘူးကြီးများလည်း ပေးခဲ့ကြောင်း၊ ကျန်းမာရေးစစ်ဆေးမှုကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ဝန်ထမ်းများနှင့် ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း၊မိမိတို့ဒေသ ပြန်ရောက်ခဲ့ရာတွင် အကူအညီများရရှိသောကြောင့် စိတ်ကျေနပ်မိပါကြောင်းနှင့် ပြင်စလူမြို့ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများတွင် မိမိတို့ တတ်နိုင်သလောက်ပါဝင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း" ဖြင့် သတင်းအဖွဲ့ကိုရှင်းပြသည်။

မိမိတို့ သတင်းအဖွဲ့ကလည်း အားပေးစကား ပြောကြားပြီး နှုတ်ဆက်၍ ထွက်ခွာခဲ့သည်။

ယင်းနောက် ရွက်ဖျင်တဲတစ်လုံးတွင် ထမင်းဝိုင်းဖွဲ့ စားသောက်နေသည်ကိုမြင်၍ ဝင်ရောက်မေးမြန်းခဲ့သည်။

"မိမိသည် ပုသိမ်မြို့ ကယ်ဆယ်ရေးစခန်းမှ ပြန်လည်ရောက်ရှိလာသော ဦးစိုးနိုင်ဖြစ်ကြောင်း၊ လေဘေးဒဏ် ခံရပြီးနောက် ပုသိမ်ဆေးရုံတွင်တက်ရောက် ဆေးကုသမှုခံယူပြီး ကျန်းမာရေးကောင်းမွန်လာသဖြင့် မိမိဒေသကိုသာ ခင်တွယ်၍ မိမိသဘောနှင့် မိမိတို့ပြန်လာခဲ့ကြောင်း၊ ရေလုပ်သားဖြစ်သောကြောင့် ၎င်းကျွမ်းကျင်သောရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းကို ဆက်လက်လုပ်ကိုင်သွားမည်ဖြစ်ကြောင်း၊ ဘဝကိုအရှုံးမပေးဘဲ လက်ရှိအခြေအနေမှ တိုးတက်အောင်မြင်အောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်းနှင့် မိမိဒေသ မိမိ မွေးရပ်မြေကို တိုးတက်ဖြစ်ထွန်းအောင် တည်ဆောက်ရေး လုပ်ငန်းများ၊ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းကူညီ ပေးသွားမည်ဖြစ်ကြောင်း" ပြောပြသည်။

၎င်းသည် ငယ်ရွယ်သူတစ်ဦးပီပီ ဒေသဖွံ့ဖြိုးရေးအတွက် စုပေါင်းဆောင်ရွက်လိုစိတ် ပြင်းပြနေသည်ကို သိရှိ၍ မိမိတို့ သတင်းအဖွဲ့သည် ၎င်း၏ရှေ့ခရီး၊ ၎င်း၏ရည်ရွယ်ချက်တို့ တိုးတက်အောင်မြင်ပါစေဟု ဆုတောင်းပေးခဲ့ပြီး လပွတ္တာမြို့သို့ ပြန်ခဲ့ကြပါသည်။ ။

နေရာချထားပေး

ပြင်စလူမြို့ ကယ်ဆယ်ရေးစခန်း၌ လေဘေးသင့်ပြည်သူများအား မိသားစုအလိုက် ရွက်ဖျင်တဲများဖြင့် နေရာချထားပေးစဉ်။

ပုသိမ်ကယ်ဆယ်ရေးစခန်းမှ ပြန်လည်ရောက်ရှိလာသော ဦးစိုးနိုင်နှင့်မိသားစု။

ပြင်စလူမြို့ ဆိပ်ကမ်း။

M&M Gano Trading Co., Ltd (Gano Excel Myanmar) ၏ Managing Director ဒေါ်နွယ်နွယ်စိုးက လေဘေးသင့်ပြည်သူများ အား လှူဒါန်းနိုင်ရန်အတွက် စုစုပေါင်းတန်ဖိုးငွေကျပ် ၁၀၆၇၇၇၀၀ တန်ဖိုးရှိ ဆေးဝါးများနှင့်လူသုံးကုန်ပစ္စည်းများအား ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအရေးပေါ်ဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးဝင်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်ဝင်းဝင်းမော် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် (ဗဟို)နှင့် A-A Medical Product Co.,Ltd တို့ ပူးပေါင်း၍ ပေးပို့လှူဒါန်းသော ငွေကျပ် ၉၄၀၀၀၀ တန်ဖိုးရှိ Oramin-F ဆေးဘူး ၂၀၀ အား မေ ၃၀ ရက်က ပုသိမ်မြို့ အထွေထွေရောဂါကုဆေးရုံကြီး ဆေးရုံအုပ်ကြီး ဒေါက်တာစိုးနိုင်ထံ လွှဲပြောင်းလှူဒါန်းစဉ်။
(သတင်းစဉ်)

ဘုရားအနေကဇာတင်နှင့် ဆေးပဌာန်းရွတ်ဖတ် ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၁၇

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီး၌ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိ(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ဆရာတော်ကြီးနှင့် ပြည်တွင်းပြည်ပ သာသနာပြု ဓမ္မကထိက အောင်စကြာ အရှင်စန္ဒသိရီ(ဓမ္မာစရိယ)တို့အမှူးပြုလျက် ဗုဒ္ဓါဘိသေကဘုရားအနေကဇာတင်မင်္ဂလာနှင့် အသံမစဲ ဆေးပဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ၁၃၇၀ပြည့်နှစ် နယုန်လပြည့်ကျော် ၂ ရက်၊ ၃ ရက်၊ ၄ ရက်(ဇွန်၂၀၊ ၂၁၊ ၂၂ရက်) တို့တွင် သုံးရက်တိုင်တိုင်ကျင်းပမည်ဟု သိရသည်။ (က-ပ)

လေဘေးသင့်ဒေသ ပြန်လည်တည်ဆောက်ရေးတွင် တပ်မတော်(ရေ)မှ ဆက်လက်ပါဝင်

နေပြည်တော် ဇွန် ၁၇

လေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၆ရက်တွင် လပွတ္တာမြို့အခြေပြု စစ်ရေယာဉ် ခြောက်စင်းသည် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်မည့် အရာရှိ/စစ်သည်များ၊ လေဘေးသင့်ပြည်သူ ၆၇၇ ဦး၊ တိ/မွေးကု ဝန်ထမ်း လေးဦး၊ မြေတိုင်းဦးစီးဌာနဝန်ထမ်း နှစ်ဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်း နှစ်ဦး၊ လူသုံးကုန်ပစ္စည်း ၆ ဒသမ ၇၅တန်၊ စားသောက်ကုန်ပစ္စည်း ၀ ဒသမ ၅တန်၊ ဆောက်လုပ်ရေးပစ္စည်း တစ်တန် စုစုပေါင်း ၈ ဒသမ ၂၅ တန်တင်ဆောင်၍ ပြင်စလူ၊ ဇင်ရဲ၊ စလူဆိပ်၊ လွှစာကျေးရွာများသို့ သယ်ယူပို့ဆောင်ပေးခဲ့ပြီး တပ်မတော်(ရေ) စစ်ရေယာဉ်များအနေဖြင့် ယနေ့အချိန်အထိ ကုန်ပစ္စည်း ၂၁၄၄ ဒသမ ၅၈၃ တန် သယ်ယူပို့ဆောင် ပေးနိုင်ခဲ့ကာ နယ်မြေလုံခြုံရေး တာဝန်များကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဟိုင်းကြီးကျွန်းဒေသရှိ အရာရှိ/စစ်သည်များသည် ကျောက်ကလပ်၊ ဒီဒူးကုန်း၊ ချောင်းဝ၊ ပြင်ခရိုင်၊ သက္ကယ်သောင်၊ အောက်ပွန်ဝ၊ မြို့သစ်၊ မောင်ပါ ကျေးရွာများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် ရပ်ရွာသန့်ရှင်းရေးလုပ်ငန်းများတွင် ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးသင့်ဒေသ ပြန်လည်တည်ဆောက်ရေးတွင် တပ်မတော်(လေ)မှ ဆက်လက်ပါဝင်

နေပြည်တော် ဇွန် ၁၇

လေဘေးသင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် တပ်မတော်(လေ)က ပါဝင်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၇ ရက်တွင် နိုင်ငံတကာမှ ပေးပို့လှူဒါန်းသော ထောက်ပံ့ရေးပစ္စည်းများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လွှဲပြောင်း/လက်ခံခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ပုသိမ်လေဆိပ်တွင် လွှဲပြောင်း/လက်ခံ/ဖြန့်ဖြူးခြင်းလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ တပ်မတော်ရဟတ်ယာဉ်များဖြင့် ကုန်ပစ္စည်းတန်ချိန် ၄၇၉ ဒသမ ၆၁ တန်ကို လေဘေးသင့်ဒေသများသို့ ပို့ဆောင်ခဲ့ပြီးဖြစ်သည်။

ထို့အပြင် တပ်မတော်(လေ)မှ အရာရှိ၊ စစ်သည်များသည် ဘိုကလေးမြို့နယ် သူဌေးကုန်း၊ ကျုံလွတ်ကြီးနှင့် သဘော့ချောင်းကျေးရွာများသို့ သွားရောက်၍ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ ပြုပြင်ခြင်းနှင့် ကျေးရွာကူးတံတားများ ပြန်လည်တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လမ်းများအဆင့်မြင့်ရေးဆောင်ရွက်မှု မြို့တော်ဝန် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၁၇

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ တွဲဖက်အတွင်းရေးမှူးဦးကျော်စိုး၊ ကော်မတီဝင်များနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းများအဆင့်မြင့်စေရေးတို့အတွက် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းသည် ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းရပ်ကွက်ရှိ အထက်ပုဇွန်တောင်လမ်းသို့ ရောက်ရှိပြီး အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)က လမ်းဘေးတစ်လျှောက် ရေနုတ်မြောင်းနှင့် လမ်းရေဆင်းပေါက်များ ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် ရေနုတ်မြောင်း၊ ရေဆင်းပေါက်အတွင်းနှင့် လူသွားစင်္ကြံကတ်တုံးများဘေးရှိ အမှိုက်သရိုက်၊ နုန်း၊ ခဲ၊ သဲ များရှင်းလင်းဖယ်ရှားသိမ်းဆည်းနေမှု၊ အကျယ် ခြောက်ပေနှင့် အနက်ခြောက်ပေရှိမြစ်ထွက်ပေါက် ရေနုတ်မြောင်းတူးဖော်ဖောက်လုပ်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်သည် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကကြီးမှူး၍ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)၏ ပံ့ပိုးမှုဖြင့် အမှတ်(၂၉)ရပ်ကွက်ရှိ ခွန်နီလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်ခင်းနေမှုနှင့် ပေါ်ဆန်းမွှေးလမ်းဖြတ် မြေအောက်ရေနုတ်မြောင်း (Box Culvert) ပြုလုပ်နေမှုကိုလည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်ရှိ ဇာဝေယာလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်ခင်းနေမှုကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးအားပေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၁၉)

မှန်နန်းမဟာရာဇဝင်တော်ကြီး အင်္ဂလိပ်ဘာသာပြန် စာအုပ်ထုတ်ဝေဖြန့်ချိ



ရန်ကုန် ဇွန် ၁၇

မှန်နန်း မဟာရာဇဝင်တော်ကြီး အင်္ဂလိပ်ဘာသာပြန် (The Glass Palace Chronicle of The Kings of Myanmar) စာအုပ်ကို ဒုတိယအကြိမ်အဖြစ် Unity စာပေက ထုတ်ဝေဖြန့်ချိလိုက်သည်။**(အပေါ်ပုံ)**

အဆိုပါစာအုပ်ကို ပထမအကြိမ်အဖြစ် ၁၉၂၃ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ အောက်စဖို့ဒ်တက္ကသိုလ် ပုံနှိပ်တိုက်မှ ထုတ်ဝေဖြန့်ချိခဲ့ပြီး ဒုတိယအကြိမ်အဖြစ် မြန်မာနိုင်ငံသုတေသနအသင်းမှ ၁၉၆၀ ပြည့်နှစ်တွင် ထုတ်ဝေခဲ့ပြီးဖြစ်သည်။ အင်္ဂလိပ်ဘာသာပြန်စာမူမှာ မူရင်းမှန်နန်းရာဇဝင်တော်ကြီး၏ တွဲရေ(၃၊၄၊၅)တကောင်း၊ သရေခေတ္တရာနှင့် ပုဂံခေတ် ၁၃ ရာစုအထိ ဘာသာပြန်ထားခြင်းဖြစ်ပြီး Pe Maung Tin & G.H. Luce တို့က အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ဆိုထားကြောင်း၊ ဆက်သွယ်ဝယ်ယူလိုပါက Unity စာပေ ဖုန်း-၀၉၅၁၃၀၉၇၇သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းရပ်ကွက် အထက်ပုဇွန်တောင်လမ်းအနီး၌ အကျယ် ခြောက်ပေ၊ အနက် ခြောက်ပေရှိ မြစ်ထွက်ပေါက် အသစ်တူးဖော်နေမှုကို မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)



နယုန်လပြည့် မဟာသမယနေ့

☆ မဟာသက္ကရာဇ်၊ တစ်ရာ့ရှစ်ခု
နှသစ်ရှန်းကြည်၊ ပုဏ္ဏမီလမင်း
ထွက်ပြူလင်းစ၊ နယုန်လပြည့်
ထူးသည့်နေ့မြတ်၊ ကပ္ပိလဝတ်
ထွတ်ချာပြည်မှ၊ မဟာဝုန်တောကား
သာမောချမ်းမြေ့လှပါဘိ။

☆ ချမ်းမြေ့ရဂုံ၊ မဟာဝုန်မှာ
ငါးရာရဟန္တာ၊ ရံကာသီတင်းသုံး
သုံးလူ့ထွတ်တင်၊ ဗုဒ္ဓရှင်အား
နဂါးဂဠုန်၊ ခိုလှုံခညောင်း
တစ်သောင်းဆူဝေ၊ ဗြဟ္မာ့သိကြား
နတ်များစုံလင်၊ ဖူးမြင်လာသော်
သော်တာစန်းလ၊ ပမာတနှုန်း
စောမြတ်ဘုန်းသည်၊ ကြည်မြချိုသာ
နှုတ်တော်လွှာမှ၊ မဟာသမယ
သုတ်တော်လှကို၊ ခယလေးမြတ်
ပရိသတ်အား၊ ဟောမြွက်ကြားသည်
တရားလင်းရောင် ထိန်ဝေတည်း။

☆ မဟာသမယ၊ ငြိမ်းချမ်းပြယုဂ်
သုတ်ဒေသနာတော်၊ အာနုဘော်ကြောင့်
မနှောင့်ဘေးဘျမ်း၊ အေးချမ်းမြစေ
မေတ္တာဝေစည်၊ ဖြန့်ကြက်ရည်၍
ချမ်းမြေ့လုံးစုံ၊ အလင်းဓာတ်ခြုံသည်
နယုန်လပြည့်၊ မဟာသမယနေ့အား
ညွှတ်တွားပူဇော်လိုက်ပါသတည်း။ ॥

ဦးအောင်မွန်(မဟာဝိဇ္ဇာ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈ . ၆ .၂၀၀၈ (ဗုဒ္ဓဟူးနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	“ကြီးကျယ်မြင့်မြတ်မဟာသမယ”တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
၈း၀၅ - ၂း၀၅	Industrial Talk
၈း၄၀ - ၂း၄၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၀၅ - ၃း၀၅	မြတ်ဗုဒ္ဓ၏မဟာဗုဒ္ဓဝင်
၉း၂၀ - ၃း၂၀	တေးဂီတအစီအစဉ်
၉း၂၅ - ၃း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅ - ၃း၃၅	ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်၏ တစ်သက်စာဝိပဿနာ
၁၀း၀၅ - ၄း၀၅	ရွှင်မြူးသီကြွေးကဗျာတေး(ဥပုသ်စောင့်)
၁၀း၁၀ - ၄း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅ - ၄း၁၅	အရဏ်ဦးမှာ ကြည်ညိုပူဇော် မန္တလေးမဟာမုနိရုပ်ရှင်တော်
၁၀း၃၀ - ၄း၃၀	မိုးလေဝသခန့်မှန်းချက်
၁၀း၃၅ - ၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၅ - ၄း၄၅	စွဲမက်ဖွယ်ရာရတနာ (ပုလဲကျက်သရေအလှဝေ)(အပိုင်း-၂)
၁၁း၁၀ - ၅း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀ - ၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅ - ၅း၂၅	Midweek Sports News
၁၁း၄၀ - ၅း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅ - ၅း၄၅	တေးဂီတအစီအစဉ်
၁၁း၅၅ - ၅း၅၅	သွေးလွန်တုပ်ကွေးဆိုသည်မှာ (ဒေါက်တာမင်းဆွေ၊ ဒေါက်တာကျော်မြင့်ဝေ)
၁၂း၂၀ - ၆း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅ - ၆း၂၅	International Video Topics (ပြိုင်ပွဲဝင်စက်ရုပ်များ)
၁၂း၄၅ - ၆း၄၅	တေးဂီတအစီအစဉ်
၁၂း၅၀ - ၆း၅၀	အမြင့်ပျံငှက်တို့နားခိုရာ (စည်သူမောင်၊ထူး၊ဇွန်သစ်နိုင်)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကောလာဟလ

သိပ္ပံကျော်ဖေဇော်

အိန္ဒိယနိုင်ငံရဲ့ဖခင်ကြီး မဟတ္တမဂန္ဒီက အင်အားသည် မလွှမ်းမိုးမချုပ်ချယ်နိုင်အောင် ပြင်းထန်သော စိတ်ဆန္ဒ(ဆန္ဒာဓိပတိ)က ပေါ်ထွက်လာခြင်းဖြစ်ပေသည်ဟု ဆိုခဲ့ဖူးပါတယ်။ လူတွေရဲ့ စိတ်မနောမှာ အချက်အလက်သဘော Fact သာမက ဆုပ်ကိုင်လို့မရတဲ့ စိတ်ကူး၊ စိတ်ကွန့်မြူးတာ Fiction တွေလည်း ပါရှိသေးတာကိုး။ ဒီသဘာဝကို အသုံးချပြီး တိုင်းပြည်ပျက်အောင် ဖျက်ဆီးချင်တဲ့သူအချို့က ကောလာဟလနဲ့ ထိုးနှက်နေတာ တွေ့ရပါတယ်။ ကြားရတဲ့ စကားတစ်ခွန်းဟာ မှန်မှန်မှားမှား စိတ်လှုပ်ရှားစေနိုင်တာလည်း ကိုယ်တွေ့ကြုံဖူးကြမှာပါ။

နှစ်ဆယ်ရာစု အမေရိကန်စိတ်ပညာရှင် ဝီလျံမ်ဂျိမ်းစ် William James (၁၈၄၁-၁၉၁၀)က ရေးဖူးတယ်။ "ကျွန်တော်တို့ ခေတ်ကာလရဲ့ အကြီးမားဆုံးသော တော်လှန်ပြောင်းလဲမှုကြီး တစ်ရပ်ကတော့ အတွင်းစိတ်သဘောထားကို ပြောင်းလဲလိုက်ခြင်းအားဖြင့် သူတို့ရဲ့ ပြင်ပ၊ ဘဝအမြင်ရှုထောင့်တွေကိုပါ ပြောင်းလဲစေနိုင်ကြောင်း အထင်အရှားဖော်ထုတ်တွေ့ရှိလာခြင်းပါပဲ" တဲ့။ နော်မန်ဗင့်ဆင့်၊ ပီးလ် Norman Vincent Peale (၁၈၉၈-၁၉၉၃) ဆိုတဲ့ အမေရိကန်စာရေးဆရာ၊ ခရစ်ယာန်ဘုန်းတော်ကြီးကလည်း "ဖြစ်ရပ်မှန်အချက်အလက်တွေထက် လူတွေရဲ့ စိတ်သဘောထားက ပိုပြီးအရေးကြီးလှတယ်" Attitudes are more important than facts ဆိုတာကို မကြာခဏ ထည့်ရေးလေ့ရှိပါတယ်။ ထည့်သွင်းဟောပြောလေ့ ရှိခဲ့ပါတယ်။

စာဖတ်သူနဲ့ စာရေးသူတို့ရဲ့ သဘောထားအမြင်ဟာ ပကတိဖြစ်ရပ်တွေနဲ့တင် ရပ်တန့်မနေဘူး။ အဖြစ်မှန်အပေါ်မှာချည်း အဆုံးမသတ်ဘူး။ ထင်မြင်ချက်တွေ၊ မျှော်လင့်မှုတွေ၊ စိုးရိမ်သောကတွေ၊ ကြောက်လန့်မှုတွေ၊ ကျေနပ်မှုတွေ၊ တောင်စဉ်ရေမရ အတွေးတွေနဲ့လည်း ဆက်နွှယ်ပတ်သက်နေတတ်ပါတယ်။ ဟုတ်တယ်နော်။ ဒီသဘောကို သိတဲ့ အဖျက်သမားအချို့ဟာ ကောလာဟလကို လက်နက်အဖြစ်နဲ့ ပြည်သူတွေ စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်ဆောင်နေကြတာ တွေ့ရှိရပါတယ်။ သတိထားဖို့ ကောင်းပါတယ်။

သတင်းစာ၊ တီဗွီ၊ ရေဒီယို၊ အင်တာနက်၊ ဂျာနယ်၊ မဂ္ဂဇင်းတွေက အဖြစ်မှန်၊ အခြေအနေမှန်တွေကို နာရီမဆိုင်း အမှန်အတိုင်း ယခင်ကထက် မြန်ဆန်သွက်လက်စွာ ပြန်ကြားထုတ်ဝေနေပေမယ့်လည်း မလိုတမာအဖျက်သမားတချို့ရဲ့ မဟုတ်မဟတ် ကောလာဟလကို လူအချို့က ဝေဝေဝါးဝါး ထင်ယောင်ထင်မှားဖြစ်တုန်းပဲ။ ကြည့်လေ နာဂစ်မုန်တိုင်းတိုက်ပြီးစက ကောလာဟလတချို့ ထွက်လာပြန်ပါတယ်။ အဲဒါက "ငလျင်လှုပ်ဦးမယ်တဲ့"။

ရန်ကုန်ရပ်ကွက်အချို့ တိုက်တွေပေါ် မနေရဲဘဲ တစ်ညနေလုံး၊ တစ်ညလုံး လမ်းပေါ်ထွက်ထိုင်နေကြရသတဲ့။ သနားစရာကောင်းတဲ့ ရိုးသားသော ပြည်သူလူထုလေ။ ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်အချိန်မှာ၊ ဘယ်နေရာတွင် ငလျင်ကြီးလှုပ်လိမ့်မယ်ဆိုတဲ့စကားဟာ မှားမှားမှန်မှန်၊ သူ့ကို အကြီးအကျယ်တုန်လှုပ်ချောက်ချားအောင် ခြောက်လှန့်နိုင်ခဲ့တယ်။ ဒီစကားဟာ မဟုတ်ပါဘူး။ ငလျင်ဆိုတာ လှုပ်မယ့်အချိန်နဲ့နေရာကို ဘယ်သူမှ တိတိကျကျ ကြိုမသိပါဘူး။ ခေတ်မီတိုးတက်နေလှပါပြီဆိုတဲ့ သိပ္ပံနဲ့နည်းပညာက ကြိုတင်သိရှိအောင် ကြိုးစားဆဲပါ။ ငလျင်ကို ကြိုပြီးပြောနိုင်အောင် မသိသေးတာ အသေအချာပါ။ အင်းဆက်တွေ၊ ပိုးမွှားတွေ၊ ဖား၊ ဖားပြုတ်၊ တောက်တဲ့နဲ့ ငှက်အချို့က သိသလိုလိုထင်ရတယ်။ တိတိကျကျသိရအောင် သုတေသနတွေ လုပ်နေကြဆဲပါ။ ကမ္ဘာပေါ်မှာ ဘယ်သူမှ ငလျင်ကိုကြိုမသိနိုင်သေး။

မဟုတ်မမှန်စကားနဲ့ ခြောက်လှန့်ခြင်းကိုခံရတာ။ မှားမှန်း၊ မဟုတ်မှန်း နောက်မှသိရပေမယ့် လွန်ခဲ့တဲ့ သုံးလေးရက်လုံးလုံး ဟုတ်များဟုတ်လေမလားလို့ တထိတ်ထိတ် စိုးရိမ်ကြောက်လန့်ခဲ့ရတဲ့ဒုက္ခကိုတော့ ရန်ကုန်မြို့ ရပ်ကွက်အချို့က လူအတော်များများ ခံစားခဲ့ကြရပါပြီ။ သုံးလေးရက်လောက် မအိပ်နိုင်။

ဟော...လာပြန်ပြီ။

ရေကြီးဦးမယ်။

မုန်တိုင်းနောက်ထပ်တစ်ခု လာဦးမယ်။

ငလျင်အကြီးအကျယ် လှုပ်မယ်-တဲ့-

စသည်စသည် ပြည်သူလူထုကို ထိတ်လန့်ချောက်ချားအောင် ထုတ်လွှင့်တဲ့ မဟုတ်မမှန်ကောလာဟလတွေဟာ တစ်ခုပြီးတစ်ခု၊ တစ်မျိုးပြီးတစ်မျိုး ပေါ်ထွက်နေတာ သတိပြုမိပါတယ်။ တမင်သက်သက် ကောက်ကျစ်ညစ်ပတ်တဲ့ အဖျက်သမားတချို့ရဲ့ ပြည်သူလူထုကို တိုက်ခိုက်နှိပ်စက်နေတဲ့ ရည်ရွယ်ချက်ပါ။ နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ ခိုင်ခိုင်မာမာ လက်တွဲစည်းလုံးပြီး နိုင်ငံတကာက ချီးကျူးလေးစားလောက်တဲ့ အောင်မြင်မှုကြီးတွေရရှိနေတာကို မလိုတမာ မကျေနပ်နေတဲ့ အဖျက်အုပ်စုက ထုတ်လွှင့်နေတာဖြစ်ပါတယ်။

အခြေအမြစ်လည်း မရှိပါ။

ဘာအထောက်အထားမှလည်း မရှိပါ။

မော်လမြိုင်ရေကြီးမယ်၊ ချောင်းဆုံမြို့ ရေတက်လိမ့်မယ် စတဲ့ ကောလာဟလတွေကလည်း ဒေသခံပြည်သူလူထုကို အစားပျက်၊ အအိပ်ပျက် ချောက်ချားစေပါတယ်။ ဘယ်ကျောင်းက ဘယ်ဘုန်းကြီးကို နေ့စဉ်ရက်ဆက် အိပ်မက်ပေးလို့ ကြိုသိရတာ၊ ဘာဘာညာညာ လုပ်ဇာတ်ခင်းပြီး အကြောင်းပြသူပြတယ်။ (သေသေချာချာ ရေဆုံးရေဖျားလိုက်စိစစ်တော့ ဘယ်သံဃာတော်ကမှ ဒီလိုမပြောဆိုခဲ့ပါ) သံလွင်မြစ်ရေကြီးရင် ဘားအံ၊ ကမာမောင်းလို ပြန့်ကျယ်ကွင်းပြင်တွေ ရေတက်လေ့ရှိပါတယ်။ ယခင်က မော်လမြိုင်ကိုတော့ ကြီးကြီးမားမား ရေမတက်ခဲ့ဖူးပါဘူးကွယ်။

တရုတ်ပြည် စီချွမ်ပြည်နယ်က အန္တရာယ်ဖြစ်နိုင်တဲ့ ရေကာတာကြီးကို ၁၈-၆-၂၀၀၈ ရက်နေ့မှာ ဖောက်ချလိုက်မှာဖြစ်လို့ ရေတွေ သံလွင်မြစ်ထဲ တစ်ဟုန်ထိုးစီးဝင်လာပြီး ရေကြီးမှာ၊ မော်လမြိုင်မြို့ ကမ်းခြေဒေသတစ်ဝိုက်နေသူတွေ ရေထဲမျောကုန်နိုင်တယ်။ ရေလုံးအမြင့်က ပေ ၂၀ ကျော်မယ်။ ဘာဘာညာညာ ကောလာဟလလွှင့်နေသူတချို့စကားကို နားယောင်တဲ့လူအနည်းငယ်လည်း တွေ့ရပါတယ်။ ဟုတ်နိုင်သလားဆရာတဲ့ လာမေးကြတယ်။

မြစ်ရေကြီးတယ်ဆိုတာ မုန်တိုင်းဒီရေလို လှိုင်းအကြီးကြီးမလာနိုင်ပါ။ ဒီရေတက်တာနဲ့ မြစ်ရေတက်တာ အန္တရာယ်ပြင်းထန်ပုံမတူပါ။ ရေအရှိန်မတူ၊ ရေတက်တဲ့ အနှေးအမြန်မတူပါ၊ ကြောက်စရာမဟုတ်ပါ။

တကယ်တော့ စီချွမ်ပြည်နယ် ငလျင်လှုပ်ခဲ့တာမှန်ပါတယ်။ ငလျင်ကြောင့် ရေအိုင်ကြီးက လူနေဒေသကို ခြိမ်းခြောက်တာလည်း မှန်ပါတယ်။ ရေကာတာကို ဖောက်ချနေကြတာလည်း မှန်ပါသေးတယ်။ သို့သော်-သံလွင်မြစ်ထဲ ထိုရေတွေစီးလာမယ်ဆိုတာက ထိုယုတ်မာကောက်ကျစ်သူရဲ့ တမင်ခြောက်လုံးလှန့်လုံးသက်သက်ပါ။ သံလွင်နဲ့ မဲခေါင်မြစ်ကြီးနှစ်စင်းက မြန်မာပြည်မြောက်ဖျား မလိခမြစ် အရှေ့ဘက်မိုင် ၅၀-၁၀၀ လောက် တရုတ်ပြည် ယူနန်ပြည်နယ်ထဲမှာ မြစ်ဖျားခံကြပါတယ်။ သံလွင်မြစ်ဖျားရဲ့ အရှေ့ဘက်ကပ်လျက်အပြိုင် မဲခေါင်မြစ်ကြီး ရှိနေသေးတယ်။ သံလွင်နဲ့ ဧရာဝတီထဲကို ဘယ်တရုတ်ရေကာတာကရေမှ မစီးဝင်၊ မဖျက်ဆီးနိုင်ပါဘူး။ မြောက်မှတောင်သို့ယှဉ်လျက် မဲခေါင်မြစ်က အတားအဆီးခံနေလို့ပါ။ ရှင်းပါပြီနော်၊ စီချွမ်ပြည်နယ်ဆိုတာ ပိုဝေးသေးတာပ။

"တရုတ်ပြည်မှ ရေကာတာက ရေဖောက်ချတာကြောင့် မော်လမြိုင်မြို့မှာ ရေကြီးနိုင်ကြောင်း၊ မြစ်ရေအမြင့် ၁၅ ပေ၊ ပေ ၂၀ အထိ မြင့်တက်လာမှာဖြစ်ကြောင်း၊ ရန်ကုန်မှာလည်း ငလျင်ကြီးတစ်ခု လှုပ်ဦးမှာဖြစ်ကြောင်း အင်တာနက်သတင်းထဲမှာ သေသေချာချာ တွေ့ရကြောင်း" စသည်. . . စသည်. . .

ဖြူစင်ရိုးသားတဲ့ သာမန်ပြည်သူများရဲ့ မသိနားမလည်မှုကို အခွင့်ကောင်းယူကာ စိတ်ဓာတ်ချောက်ချားအောင် တမင်ရည်ရွယ်ချက်နဲ့ မဟုတ်မမှန် ကောလာဟလတွေ အမျိုးမျိုးလွှင့်ထုတ်နေကြကြောင်း ကြားသိရပါတယ်။

လားရှိုးမြို့ပေါ်မှာ လူတချို့က ကောလာဟလအဖြစ် ပြောနေကြတာ ရှိပါသေး။ ၂၀-၆-၂၀၀၈ ရက်နေ့မှာ စနေဂြိုဟ်နဲ့ အင်္ဂါဂြိုဟ်တို့ ဆုံစည်းမယ်၊ ဒါကြောင့် တိုင်းသူပြည်သားများ ကပ်ကြီးသုံးပါး ဆိုက်မယ်။ မုန်တိုင်းထန်မယ်၊ ရေကြီးမယ်၊ ဆန်ရေစပါး ရှားပါးမယ်၊ တိုင်းပြည် မငြိမ်မသက်ဖြစ်မယ် ဘာဘာညာညာ။သကြၤန်စာမှာပဲ ပါသလိုလို၊ ဗေဒင်ဆရာတစ်ယောက်ယောက်က ဟောသလိုလိုနဲ့ ပြည်သူလူထုကို စိတ်ညစ်အောင် စိတ် အနှောင့်အယှက်ဖြစ်အောင် (တမင်ဆိုးယုတ်တဲ့ ကြိုတင်ကြံစည်ချက်နဲ့) တီးတိုးစကားတွေ လွှင့်တာပါ။

နာဂစ်မုန်တိုင်းဖြစ်ခဲ့တဲ့နေရာတွေမှာ ကာလဝမ်းရောဂါအပြင် ကူးစက်ရောဂါဆိုးကြီးတွေ ပျံ့နှံ့လာလိမ့်မယ်၊ ဘာညာစသည်ဖြင့် လူတွေစိတ်ချောက်ချားကြောက်လန့်အောင် အခြေအမြစ်မရှိ ပြောတာမျိုးတွေ လည်း လုပ်ပါတယ်။ ရောဂါအန္တရာယ်ဖြစ်ပေါ်နိုင်တာတော့ ဟုတ်ပါတယ်။ အစိုးရဒေသခံပြည်သူ၊ စေတနာရှင်များ၊ ပြည်တွင်းပြည်ပ အကူအညီ ပေးကြသူများ၊ ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူများ၊ စေတနာ ဆေးဝန်ထမ်းများနဲ့ ကြက်ခြေနီတပ်ဖွဲ့ဝင်များ စသည်တို့ရဲ့ ကြီးမားတဲ့ စုပေါင်းအားနဲ့ တားဆီးကာကွယ်ခဲ့ကြတဲ့အခါ ကာလဝမ်းရောဂါလည်း မဖြစ်ပွားခဲ့ပါ။ နိုင်ငံများစွာမှ ဆေးအဖွဲ့များ အသိအမြင်ပါ။ သူတို့ထုတ်ပြန် ချက်များလည်း ထုတ်ပါတယ်။

ကူးစက်တတ်သော အခြားကပ်ရောဂါဆိုးကြီးများလည်း (အဖျက်သမားဖြစ်စေချင်သလို) မဖြစ်လာခဲ့ပါ။ အထက်ပါ ကြီးမားကျယ်ပြန့်တဲ့ အပြုသဘောအင်အားစုတွေက ကြိုးကြိုးစားစား စေတနာသန့်သန့် ဆောင်ရွက်ကြတာကြောင့်ဖြစ်ပါတယ်။ သူတို့ခြောက်လှန့်ပေမယ့် စိုးရိမ်ထိတ်လန့်မဖြစ်ခဲ့ပါ။

မဟုတ်မမှန်ကောလာဟလတွေဟာ လူတွေကို စိတ်လှုပ်ရှားမှုဖြစ်စေပါတယ်။ ကောင်းတဲ့ဘက် ပြောင်းလဲခြင်းကို တားဆီးပိတ်ပင်ပါတယ်။ ဒါ့ကြောင့် အဖျက်သမားက အဖြစ်အပျက်အပေါ် အဆိုးမြင်စိတ်၊ လူပုဂ္ဂိုလ်အပေါ် အဆိုးမြင်စိတ်၊ ဒေါသစိတ်၊ မာနစိတ်၊ မောက်မာစိတ်၊ ကြောက်လန့်ချောက်ချားစိတ်နဲ့ စိုးရိမ်သောကစိတ်စတဲ့ စိတ်လှုပ်ရှားမှုတွေပေါ်ပေါက်အောင် ကောလာဟလနဲ့ ဆွပါတယ်။ လှုံ့ဆော်ပါတယ်။

ဒါကိုသိမြင်ပြီး ကောင်းတဲ့ဘက်ကို လူတွေပြောင်းလဲအောင် တွန်းအားပေးတဲ့ စိတ်လှုပ်ရှားမှုတွေနဲ့ စာရေးသူတို့ ပြည်သူများက အစားထိုး ဖြည့်ဆည်းနေကြရပါမယ်။ ပြောင်းလဲမှုကို အားကောင်းအောင် အားပေးတဲ့ စိတ်လှုပ်ရှားမှုတွေက ရိုးသားဖြူစင်မှု၊ ယုံကြည်မှု၊ အကောင်းမြင်စိတ် ထက်သန်ပြင်းပြမှု၊ တက်ကြွမှု၊ မျှော်လင့်ချက်ထားရှိမှု၊ စိတ်ပါဝင်စားမှုနဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ခင်တွယ်လေးစားမှု စတာတွေပါ။

ပြည်သူလူထုကို ထိတ်လန့်ချောက်ချားအောင် ထုတ်လွှင့်တဲ့ မဟုတ်မမှန် ကောလာဟလတွေဟာ တစ်ခုပြီး တစ်ခု၊ တစ်မျိုးပြီးတစ်မျိုး ပေါ်ထွက်နေတာ သတိပြုမိပါတယ်။ တမင်သက်သက် ကောက်ကျစ်ညစ်ပတ်တဲ့ အဖျက်သမားတချို့ရဲ့ ပြည်သူလူထုကို တိုက်ခိုက်နှိပ်စက်နေတဲ့ ရည်ရွယ်ချက်ပါ။ နိုင်ငံတော်အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ ခိုင်ခိုင်မာမာ လက်တွဲစည်းလုံးပြီး နိုင်ငံတကာက ချီးကျူးလေးစားလောက်တဲ့ အောင်မြင်မှုကြီး တွေရရှိနေတာကို မလိုတမာ မကျေနပ်နေတဲ့ အဖျက်အုပ်စုက ထုတ်လွှင့်နေတာဖြစ်ပါတယ်။

အခြေအမြစ်လည်း မရှိပါ။

ဘာအထောက်အထားမှလည်း မရှိပါ။

တမင်ရည်ရွယ်ချက်နဲ့ တိုင်းပြည်နဲ့လူမျိုးရဲ့ အကျိုးစီးပွားကို ပျက်စီးနိမ့်ကျအောင် ဖျက်ဆီးချင်တဲ့ အဖျက်သမားတစ်စုက သတိမမူမိလို့ပါ။ မြန်မာနိုင်ငံ ပြည်သူပြည်သားများမှာ ရိုးရာယဉ်ကျေးမှုအရ စိတ်ဓာတ်ခွန်အားတွေ မူလကတည်းက ရရှိကြပါတယ်။

ယုံချင်ယုံ၊ မယုံချင်နေ။ အနာဂတ်ကို ကြိုတင်ဟောပြောတဲ့ ပညာရပ်တွေ အစဉ်အလာရှိခဲ့တာတော့အမှန်ပဲ။ နက္ခတ္တဗေဒပညာရှင်၊ ဗေဒင်ပညာရှင်၊ ဆန်းပညာရှင်၊ လက္ခဏာပညာရှင်တွေဟာ နိုင်ငံကျော်ထင်ရှားကြပါတယ်။ အများသိပြီးသားပါ။ ၂၀၀၈ ခုနှစ်နဲ့ ပတ်သက်လို့ အောင်မြင်ကျော်ကြားတဲ့ အနာဂတ်ဟော ပညာရှင်ပုဂ္ဂိုလ်အချို့က ဘယ်လိုများ ဟောပြောထားခဲ့ပါသလဲ။ လေ့လာကြည့်သင့်ပါတယ်။ ထုတ်နုတ်ဖော်ပြရပါက-

ဆရာဦးစံတင်အောင်က "၂၀၀၈ ခုနှစ်ဟာ မြန်မာနိုင်ငံအတွက် အလွန်ထူးခြားတဲ့ နှစ်တစ်နှစ်ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ အခက်အခဲများအားလုံး အနှေးနဲ့အမြန်ပြေလည်ဖို့လမ်းစများ တွေ့ရှိမယ်။ ကမ္ဘာ့အလယ်မှာ တင့်တယ်ထည်ဝါစွာ နာမည်၊ အောင်မြင်မှုများ ရရှိမယ့်နှစ်ဖြစ်တယ်။ လူငယ်၊ လူရွယ်များ ဘာသာရေး အဆုံးအမနဲ့ မိဘ၊ ဆရာသမားများ အဆုံးအမခံယူပြီး ညှိနှိုင်းလုပ်ကိုင်လျှင် အလွန်ကောင်းမယ့်နှစ်ဖြစ်ပါတယ်။ အခက်အခဲအားလုံး ၂၀၀၈ ခုနှစ်တွင် ဖြေရှင်း၊ လုပ်ကိုင်အောင်မြင်ရန် အခွင့်အလမ်းကောင်း မြောက်မြားစွာ ပေါ်ထွန်းမယ့်နှစ်ဖြစ်ပါတယ်။"

ဆရာဦးထွန်းလင်းက "စီးပွားရေးတွေ အောင်မြင်လိမ့်မယ်။ အပြည်ပြည်ဆိုင်ရာရဲ့ ရင်းနှီးမြှုပ်နှံမှုတွေ၊ ထောက်ပံ့ကူညီမှုတွေရမယ်။ အထူးသဖြင့် ပညာရှင်တွေရဲ့ ပညာရပ်ဆိုင်ရာ အောင်မြင်မှုတွေ ရရှိမယ်။ ရာထူးကြီးကဲသူတွေ အပြည်ပြည်ဆိုင်ရာနဲ့ ဆက်သွယ်မှုတွေမှာ အောင်မြင်မှုရမယ်။"

ဆရာဦးကျော်လွင်က "ဒီနှစ်အတွင်းမှာ တီထွင်ဆန်းသစ်ပြီးလုပ်တဲ့ လုပ်ငန်းတွေ တိုးတက်အောင်မြင်မယ်။ လုပ်ကိုင်ဆောင်ရွက်မှုမှန်သမျှ ဟာ တိတိကျကျပြတ်ပြတ်သားသား လုပ်ကိုင်ဆောင်ရွက်မှုတွေ ဖြစ်လာ မယ်။ တရားဥပဒေကို လေးစားတဲ့လူတွေ ထွန်းကားလာမယ်။"

ဆရာဦးရန်ကြီးအောင်က "၂၀၀၈ ခုနှစ်သည် အစစအရာရာ အလုံးစုံကောင်းမြတ်သောတရား စတင်မွေးဖွားသန့်စင်သောနှစ် ဖြစ်ပါတယ်။ နှစ် ရာနဲ့ချီပြီး မော်ကွန်းတင်ရမယ့်နှစ်ဖြစ်တယ်။ မြန်မာပြည်သူပြည်သားများ တိုးတက်ပြီး နှစ်သက်ကြည်နူးပျော်ရွှင်စွာ ခံစားရမယ့် နှစ်ဖြစ်ပါတယ်။"

၂၀၀၈ ခုနှစ် ဇွန်လထုတ် "People မဂ္ဂဇင်း" Star's Chat Room ကဏ္ဍမှာ ဖော်ပြပါရှိတဲ့ အိသဇင်ရဲ့ဆောင်းပါးမှ နမူနာကောက်ယူပြတာဖြစ်ပါတယ်။ နာမည်တစ်လုံးနဲ့နေတဲ့ ဝေဒပညာရှင်ကြီးတွေကတော့ ဘယ်သူကြိုက်ကြိုက်၊ မကြိုက်ကြိုက်၊ နိုင်ငံနဲ့ပြည်သူအကျိုးကို ရှေးရှုပြီး သူတို့ကျွမ်းကျင်တတ်မြောက်တဲ့ ပညာနဲ့ ချင့်ချိန်တွက်ချက်ပြီး ဟောပြောခဲ့တာပါ။ သူတို့စကားကို သူတို့ တာဝန်ယူရဲလို့ ထုတ်ဖော်ဟောပြောတာဖြစ်ပါမယ်။ ဒီလိုစကားမျိုးတွေကတော့ အခြေအမြစ်မရှိဘဲ သံလွင်မြစ်ရေကြီးမယ်၊ ရန်ကုန်မှာ ငလျင်လှုပ်ဦးမယ် စတဲ့ လူတွေစိတ်ညစ်အောင် လိမ်ညာမုသား ကောလာဟလစကား မဟုတ်တန်ရာပါ။ ထိုပုဂ္ဂိုလ်များ သုံးသပ်မြော်မြင်နိုင်သလောက်၊ သူတို့တတ်မြောက်တဲ့ပညာရပ်နဲ့ ရဲရဲရင့်ရင့် ဟောတာလေ။

အဖျက်သမားတွေကတော့ စိုးရိမ်ထိတ်လန့်အောင် အမင်္ဂလာနိမိတ်တွေကို (သူတို့ကိုယ်တိုင် မဟုတ်မှန်မှန်း သိသိကြီးနဲ့ ပေါ်တင်) ပြောတယ်။ အဲဒါ ကောလာဟလပါပဲ။

နိဂုံးချုပ်ကြပါစို့။ ဈေးစကား၊ လမ်းပေါ်က စကားတွေထဲမှာ ကောလာဟလတွေ ညပ်ပါလာတတ်တယ်။ ယုံချင်ယုံပါ။ သို့သော် ချင့်ယုံပါ။ ဘာပဲဖြစ်ဖြစ် အဆိုးဘက်က တမင်ဆွဲပြီး မဟုတ်မမှန် "ကောလာဟလ" နဲ့ လေတိုက်ပွဲဆင်နေကြသူအချို့ ရှိနေတယ်ဆိုတာကို သတိပြုစေချင်ပါတယ်။ ။

အမှာစကား ပြောကြား

သိပ္ပံ နှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်း ဗဟိုဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲ တွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ခေတ်ကာလ၏ တောင်းဆိုချက်များ၊ နည်းပညာနှင့်ကျွမ်းကျင်မှုဆိုင်ရာ လိုအပ်ချက်များအတွက် အနာဂတ်ကိုမျှော်မှန်းပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေးသည် ပညာရေးကဏ္ဍ၏ တာဝန်ပင်ဖြစ်

တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀) ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၁၇

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သည့် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန်၁၆ရက် နံနက် ၉ နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဝန်ကြီး ဦးသောင်း တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးအောင်ကြည်၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ ဒုတိယဝန်ကြီးများ၊ အထက်မြန်မာပြည် ဒုတိယတရားသူကြီးချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ - အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပါမောက္ခချုပ် ဦးအောင်ဆန်းဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများနှင့် ဌာနမှူးများ၊ ကထိကများနှင့်လက်ထောက်ကထိကများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ၊ တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးကိုယ်စား သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက သင်တန်းဖွင့်အမှာစကားပြောကြားရာ၌ မျက်မှောက်ခေတ်ကာလတွင် နိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့်တန်းတူရည်တူ ယှဉ်တွဲဖွံ့ဖြိုးတိုးတက်စေရေး၌ နိုင်ငံတကာ အဆင့်မီနည်းပညာရပ်များ၏စွမ်းအားဖြင့်သာ စွမ်းဆောင်ပေးနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် တည်ဆောက်ကြရာတွင် နည်းပညာဆိုင်ရာလိုအပ်ချက်များ၊ အရည်အသွေးဆိုင်ရာ လိုအပ်ချက်များသည်လည်း တစ်နေ့တခြား ပိုမိုမြင့်မားလာလျက် ရှိနေပြီဖြစ်ခြင်းကြောင့် ဆိုင်ရာဆိုင်ရာ ကဏ္ဍများအလိုက် နိုင်ငံတကာအဆင့်မီ နည်းပညာများ၊ ခေတ်မီအီလက်ထရွန်နစ်နှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာများ တိုးတက်မြင့်မားစေရန်နှင့် ယင်းခေတ်မီနည်းပညာရပ်များကိုကျွမ်းကျင်စွာ အသုံးပြုနိုင်သည့် အရည်အသွေးပြည့်ဝမြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင်များ လုံလုံလောက်လောက်နှင့် အလျဉ်မပြတ် မွေးထုတ်ထားနိုင်ရန် ပိုမိုလိုအပ်လာပြီဖြစ်ကြောင်း။

အင်ဂျင်နီယာပညာ၊ ဗိသုကာပညာရပ်များနှင့်ပတ်သက်လျှင်လျှင် ဒဏ်၊ သဘာဝဘေးဒဏ် ခံနိုင်ရည်ရှိသည့် အဆင့်မြင့်အဆောက်အအုံကြီးများ တည်ဆောက်နိုင်ရန်၊ ခေတ်နှင့်အညီ စွမ်းအင်ချွေတာစွာသုံးစွဲပြီး အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းသည့် အဆင့်မြင့်အဆောက်အအုံကြီးများ တည်ဆောက်နိုင်ရန်၊ စွမ်းအားကြီးမားသည့် စက်ယန္တရားကြီးများတည်ဆောက်နိုင်ရန်၊ကိုင်တွယ်အသုံးပြုနိုင်ရန်၊ သဘာဝဘေးဒဏ်ကို ကြံ့ကြံ့ခံနိုင်သည့် မြစ်ကူးချောင်းကူး တံတားကြီးများ၊ အဆင့်မြင့်လမ်းမကြီးများ တည်ဆောက်နိုင်ရန်၊ ကြီးမားခိုင်ခံ့သည့် ဆည်မြောင်းတာတမံကြီးများ တည်ဆောက်နိုင်ရန်စသည့် အခြေအနေအချိန်အခါ၏နည်းပညာဆိုင်ရာ တောင်းဆိုမှုများသည် ပိုမိုမြင့်မား များပြားလာနေပြီဖြစ်ကြောင်း။

အလားတူပင် ကျန်းမာရေးကဏ္ဍတွင်တစ်နေ့တခြား တိုးတက်မြင့်မားလာနေသည့် ဆေးပညာရပ်များ၊ ဆေးဘက်ဆိုင်ရာ သုတေသနတွေ့ရှိချက်အသစ်အဆန်းများ၊ ကုထုံးကုနည်းသစ်များ၊ ခွဲစိတ်ကုသမှု နည်းစနစ်သစ်များ၊ တစ်နေ့ထက်တစ်နေ့ဆန်းသစ်လာနေသည့် ရောဂါရှာဖွေရေးနှင့် ကုသရေးဆိုင်ရာ ပစ္စည်းကိရိယာများစသည့်တိုးတက်ဖြစ်ထွန်းမှုများကိုအမီလိုက်ပါပြီး ပိုင်ပိုင်နိုင်နိုင်သုံးစွဲနိုင်သော အရည်အသွေး မြင့်မားသည့် သမားတော်ကြီးများ၊ ဆရာဝန်၊ ဆရာမများ၊ ဆေးဘက်ဆိုင်ရာ ပညာရှင်များ၊ ဆေးဝါးဆိုင်ရာ ပညာရှင်များ များစွာမွေးထုတ်ပေးနိုင်ရန် အခြေအနေ အချိန်အခါက တောင်းဆိုလျက်ရှိကြောင်း။

နိုင်ငံတော်အနေဖြင့် နိုင်ငံတကာ စီးပွားရေးနယ်ပယ်ကို ချဲ့ထွင်နေသည်နှင့်အမျှ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ်လုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်းနယ်ပယ်အရပ်ရပ်တွင် စီးပွားရေးဆိုင်ရာအသိပညာမြင့်မားရန်၊ခေတ်မီစီမံခန့်ခွဲမှု နည်းပညာများ ရရှိရန်စသည့် အရည်အသွေးမြှင့်တင်မှုများကို ပညာရေးကဏ္ဍက ဖြည့်ဆည်းပေးနိုင်ရန် လိုကြောင်း။

ယနေ့အချိန်အခါတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တော၊ သတ္တုစသည့် ကုန်ထုတ်လုပ်မှုကဏ္ဍများ၌လည်း ခေတ်မီနည်းပညာရပ်များ၊ အဆင့်မြင့် လုပ်ငန်းသုံး ပစ္စည်းကိရိယာများ တိုးတက်ပေါ်ထွန်းလျက်ရှိခြင်းကြောင့် အရည်အသွေးမြင့်နည်းပညာရပ်များ (High Tech)၏ အခန်းကဏ္ဍသည် လွန်စွာမှ အခရာကျလျက်ရှိကြောင်း။

ထို့အပြင် ကုန်ထုတ်လုပ်မှုကဏ္ဍတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အန္တရာယ်ရှိနိုင်သည့် စွန့်ပစ်ပစ္စည်းများ ထိန်းသိမ်းရေး၊ ဇီဝလောင်စာပြောင်းလဲသုံးစွဲရေး စသည့် နိုင်ငံတကာက အလေးထားဆောင်ရွက်နေသော အခြေအနေများနှင့်အညီ ဆီလျော်သည့် နည်းပညာရပ်များ ဖြစ်ထွန်းလာစေရအောင် ဆောင်ရွက်ကြရန်လိုကြောင်း။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ပေါများကြွယ်ဝလှသော နိုင်ငံဖြစ်သည့်အလျောက် ယင်းသုံးစွဲမကုန်နိုင်သော သဘာဝသယံဇာတများကို နိုင်ငံအတွက် အကျိုးအရှိဆုံးထုတ်ယူ မြှင့်တင်သုံးစွဲနိုင်စေရအောင်နှင့် နောင်သားစဉ်မြေးဆက် အရှည်သဖြင့်အကျိုးဖြစ်စေရအောင် ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များ၏စွမ်းအားကိုသုံးပြီး စီမံဖန်တီးပေးနိုင်ရန် လိုအပ်ကြောင်း။

ဤခေတ်ကာလ၏ တောင်းဆိုချက်များ၊ နည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ လိုအပ်ချက်များအတွက် အနာဂတ်ကိုမျှော်မှန်းပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်ရေးသည် ပညာရေးကဏ္ဍ၊ အထူးသဖြင့် အဆင့်မြင့်ပညာကဏ္ဍ၏ တာဝန်ပင်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

ပညာရေးကဏ္ဍ၏ တာဝန်များ၊ လိုအပ်ချက်များနှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် ဆိုင်ရာဆိုင်ရာကဏ္ဍများအလိုက် ခေတ်မီဝိဇ္ဇာနှင့်သိပ္ပံပညာရပ်များ၊ အီလက်ထရွန်နစ်သတင်းနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများ၊ ရေကြောင်းသိပ္ပံပညာရပ်များ၊ လေကြောင်းနှင့် အာကာသဆိုင်ရာ ပညာရပ်များစသည့် ထူးခြားဆန်းသစ်သော ပညာရပ်အမျိုးမျိုးကို နက်နက်ရှိုင်းရှိုင်း လေ့လာသင်ယူနိုင်မည့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများကို အထူးပြု ထူထောင်ဖန်တီးပေးထားပြီးလည်းဖြစ်ကြောင်း။

ထို့ကြောင့် ဤအခြေခံကောင်းများကို ထိရောက်အကျိုးရှိစွာ အသုံးပြုပြီးတက္ကသိုလ်တိုင်း၊ ကောလိပ်တိုင်းသည် ဆိုင်ရာဆိုင်ရာ ကဏ္ဍများအလိုက် နိုင်ငံတကာ သိပ္ပံနှင့်နည်းပညာရပ်များ ခေတ်နှင့်တစ်ပြေးညီ တိုးတက်ဖြစ်ထွန်း နေစေရေးနှင့် ပိုမိုအဆင့်မြင့်မားပြီး အနာဂတ်ကိုမျှော်မှန်းသည့် ပညာရပ်များပေါ်ထွန်းလာစေရေးတို့အတွက် အစဉ်အမြဲလေ့လာအားထုတ်နေကြရန် လိုအပ်မည် ဖြစ်ကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတကာမြင်ကွင်းများကိုကြည့်လျှင်နည်းပညာအသစ်များ၊ နည်းပညာသစ်များအပေါ် ဆန်းသစ်တီထွင်ထားသည့် ခေတ်မီ အီလက်ထရွန်နစ် ပစ္စည်းကိရိယာများ၊ ကွန်ပျူတာအခြေခံသည့် ခေတ်မီပစ္စည်းကိရိယာများ နေ့စဉ်နှင့်အမျှ အသစ်ပေါ်ပေါက်ဖြစ်ထွန်းပြီး ကမ္ဘာကြီးသည်လည်း အတိုင်းအဆမရှိသည့် အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ဤကဲ့သို့ အခြေအနေမျိုးတွင် မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် နိုင်ငံတကာနှင့် အမီလိုက်ပါ ဖွံ့ဖြိုးတိုးတက်နိုင်စေရန်နှင့် နည်းပညာသစ်များကို အကြောင်းပြုပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍစုံတွင် ထိုးဖောက်လွှမ်းမိုးခြယ်လှယ်မှုများကို ကာကွယ်တားဆီးနိုင်သည့်အပြင် အမျိုးသားယဉ်ကျေးမှုနှင့် လူမှုရေးတန်ဖိုးများ လျော့ပါးပျက်စီးမသွားအောင်၊ အမိ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ မဆုံးရှုံးရလေအောင် ထိန်းသိမ်း စောင့်ရှောက်နိုင်စေရန်အတွက် ဆန်းသစ်သည့် နည်းပညာများကိုအခြေပြုပြီး ကြိုးပမ်းဆောင်ရွက်ရေးသည် ယနေ့ကာလ၏ အမျိုးသားရေး တာဝန်များအဖြစ် ပေါ်လွင်ထင်ရှားနေပြီဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက နိုင်ငံနှင့်လူမျိုး ရှင်သန်ရပ်တည်နိုင်ရေး၊ ပြည်ထောင်စုကြီး အရှည်တည်တံ့ခိုင်မြဲရေးနှင့် အချုပ်အခြာအာဏာ ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်ရေးအတွက်ပါ အဓိကလိုအပ်နေသည့် စိတ်ဓာတ်ရေးရာစွမ်းအား၊ အမျိုးသားပညာရည်မြင့်မားမှုစွမ်းအားနှင့်ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များ၏စွမ်းအားတို့ ပြည့်ပြည့်ဖြိုးဖြိုး ခိုင်ခိုင်မာမာဖြစ်ထွန်းနေစေရအောင် တက္ကသိုလ်၊ ကောလိပ်ဆရာ၊ ဆရာမများ အားလုံးက ရည်မှန်းချက်ရှိရှိဖြင့် ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားသွားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် သင်တန်းသား၊ သင်တန်းသူ တက္ကသိုလ်၊ ကောလိပ်ဆရာ၊ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၅၃၄ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ယာဉ်အန္တရာယ်ကင်းရှင်းရေး ဟောပြောပို့ချ

ရန်ကုန် ဇွန် ၁၇

ရန်ကုန်တိုင်းရဲတပ်ဖွဲ့၊ ကြီးမှဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့မှ ရုံးဦးစီးမှူး(၁)ဒုတိယရဲမှူးမြင့်အောင်သည် တာမွေမြို့နယ် လေးထောင့်ကန်လမ်းပေါ်ရှိ ILBCကျောင်းတွင် ကျောင်းသား၊ ကျောင်းသူ ၉၅၀ တို့အား ဇွန် ၁၆ ရက် နံနက် ၁၀ နာရီမှ မွန်းတည့်၁၂ နာရီထိလည်းကောင်း၊ မွန်းလွဲ ၁ နာရီမှ ညနေ၃နာရီထိလည်းကောင်း၊ ယာဉ်အန္တရာယ်ကင်းဝေးစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများအား နှစ်ကြိမ်ခွဲ၍ အသိပညာပေး ဟောပြောပို့ချခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(ကြေးမုံ)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် လပွတ္တာမြို့နယ် (၅)မိုင်ကယ်ဆယ်ရေးစခန်းတွင် ကလေးငယ်များအား ယာယီကျောင်းဆောင်ဖြင့် စာသင်ကြားပေးနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

❐ ရှေ့ဖုံးမှ

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ယာယီကျောင်းဆောင်၌ စာသင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လေမုန်တိုင်းကြောင့် ပျက်စီးသွားသည့် ကျောင်းဆောင်များ ပြုပြင်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးကြရာ သိဏ်းဆောက်လုပ်ရေးကုမ္ပဏီမှ စီမံကိန်းဒါရိုက်တာ ဦးမျိုးသိမ်းက ကျောက်ကလပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ အပါအဝင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်း လေဘေးသင့်ဒေသအတွင်းရှိ စာသင်ကျောင်းများနှင့် ဘုန်းကြီးကျောင်းများ ပြုပြင်ပြီးစီးမှုအခြေအနေများကို မှတ်တမ်းဓာတ်ပုံများဖြင့် ရှင်းလင်းတင်ပြသည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈-၆-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေး တေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၅ ၃။ အမျိုးသားရေး တေးကဗျာ
၄း၃၀ ၄။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၅၀ ၅။ မျိုးချစ်တပ်မတော်
၅း၀၀ ၆။ အမျိုးသားရေး တေးကဗျာ
၅း၂၀ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၃၀ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၅း၄၀ ၉။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၅၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၄။ **ကာတွန်းအစီအစဉ် ကျားကလေးရဲ့ မွေးရပ်မြေ အပိုင်း(၄)**
၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ရာဇဝင်တွင်တဲ့ သူရဲကောင်း အပိုင်း (၇၆)**
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေး တေးကဗျာ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း အဖြူရောင် မြွေမင်းသမီးလေး အပိုင်း (၂၁)**
၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျောက်ကလပ်ကျေးရွာမှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်မိ ရပ်ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျောင်းခန်းမ၌ ကျင်းပသည့် ကျောင်းသုံး စာရေးကိရိယာနှင့် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက် အားပေးကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ မိမိဦးဆောင်သည့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ကျောက်ကလပ်ကျေးရွာ အပါအဝင် လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရာ၌ လိုအပ်သည်များကို ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း။

ကျောက်ကလပ်ကျေးရွာကို ပြန်လည်တည်ဆောက်ရေးဆောင်ရွက်ရာတွင် ကျေးရွာ၏လူမှုစီးပွားရေးဘဝ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးသာမက ဒေသအတွင်း ပညာအခြေခံတတ်မြောက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးကိုပါ မျှော်မှန်းပြီး လက်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း။

သို့ဖြစ်၍ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နိုင်ငံတော်က အားထားရသည့် ပညာတတ်များဖြစ်လာအောင် ကြိုးစားသွားရမှာဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများကလည်း မိမိတို့၏ တပည့်များကို ပညာတတ်မြောက်အောင်သင်ကြားပေးသည်သာမက ကိုယ်ကျင့်တရားကောင်းအောင်၊ စည်းကမ်းနှင့် ဥပဒေများကို လေးစားလိုက်နာတတ်သူများဖြစ်အောင် လေ့ကျင့်ပြုစု ပျိုးထောင်ပေးကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ကျောင်းသုံး စာရေးကိရိယာများနှင့် ပညာသင်ထောက်ပံ့ငွေများကို ကျောင်းအုပ်ကြီး ဦးကျင်ရွှေအား ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်သည် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံများကို ပေးအပ်သည်။

ယင်းနောက်ကာကွယ်ရေး ဦးစီးချုပ် (ရေ)၏ လက်ဆောင်ပစ္စည်းများကို ဟိုင်းကြီးတပ်နယ်မှ ဗိုလ်မှူးချုပ် မျိုးမြင့်သန်းက ကျောင်းအုပ်ကြီးအား ပေးအပ်သည်။

ဆက်လက်၍ သိဏ်းဆောက်လုပ်ရေးကုမ္ပဏီ၊ မေတ္တာဖောင်ဒေးရှင်းအဖွဲ့နှင့် မိုးကြယ်စင်ကုမ္ပဏီတို့က ငွေကြေးထောက်ပံ့မှု အပါအဝင် ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများကို ကျောင်းအုပ်ကြီးသို့ ပေးအပ်လှူဒါန်းကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းသားကျောင်းသူများ စာသင်ကြားနေမှုများကို လိုက်လံကြည့်ရှု၍ အားပေးနှုတ်ဆက်သည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မုန်တိုင်းကြောင့် နေအိမ်များပျက်စီးခဲ့ရသည့် လေဘေးသင့်ပြည်သူများအား နေရာချထားပေးနိုင်ရန် ကျောက်ကလပ်ကျေးရွာအနီးရှိ လေကာ၊ ရေကာရနိုင်သည့် မြေနေရာများကို ကြည့်ရှုကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုန်းတော်ပြည့်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းကို ဝင်ရောက်၍ ယာယီကျောင်းဆောင်ဖြင့် စာသင်ကြားနေမှုများကို ကြည့်ရှုအားပေးကြပြီး ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာဖြင့် စာပေသင်ကြားနိုင်ရေး စီမံဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အုတ်တွင်း ကယ်ဆယ်ရေးစခန်းသို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကယ်ဆယ်ရေးစခန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးချုပ်က လေဘေးသင့်ပြည်သူများ၏ နေရေး၊ စားရေး၊ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအလိုက် အလုပ်အကိုင်များ ပြန်လည်လုပ်ကိုင်နိုင်ရေးတို့အတွက် ဆောင်ရွက်ပေးရမည့်လုပ်ငန်းများကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီခွဲတွင် အုတ်တွင်းကယ်ဆယ်ရေးစခန်းမှ လပွတ္တာမြို့နယ် ပြင်စလူမြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်စလူမြို့ရှိ ဌာနဆိုင်ရာ အဆောက်အအုံများ ဆောက်လုပ်မှု အခြေအနေကို ကြည့်ရှုကြသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်စလူမြို့ ပြန်လည်တည်ဆောက်ရေးအတွက် စက်ယန္တရားဖြင့် မြေကြီးမြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများ၊ ကယ်ဆယ်ရေးစခန်း အခြေအနေများကို ကြည့်ရှုကြသည်။

ထို့နောက် ပြင်စလူမြို့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆောင်ရွက်အကောင်အထည်ဖော်နေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက ရှင်းလင်းတင်ပြပြီး မက်စ်မြန်မာကုမ္ပဏီမှ တာဝန်ရှိသူများကလည်း ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၌ ကုမ္ပဏီ၏ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ပြင်စလူမြို့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် လာရောက်ကူညီဆောင်ရွက်လျက်ရှိသည့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား နှုတ်ဆက်အားပေးသည်။

ထို့နောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ပြင်စလူမြို့မှ လပွတ္တာမြို့သို့ ရဟတ်ယာဉ်များဖြင့်ရောက်ရှိကြပြီး လပွတ္တာမြို့ တည်ဆောက်ရေးလုပ်ငန်းများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

လပွတ္တာမြို့နယ် (၃)မိုင်ကယ်ဆယ်ရေးစခန်းတွင် လေဘေးသင့်ပြည်သူများအား မိသားစုအလိုက် ရွက်ဖျင်တဲများဖြင့် စနစ်တကျ နေရာချထားပေးသည်ကို ဝေဟင်မှတွေ့ရစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)



လပွတ္တာမြို့နယ်ရှိ လေဘေးသင့်ခံရသော ဆားကျင်းကျေးရွာအုပ်စု ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဇွန် ၁၇

ဧရာဝတီတိုင်း လပွတ္တာမြို့နယ်ရှိ လေဘေးသင့်ခံရသော ဆားကျင်းကျေးရွာအုပ်စု ဆားကျင်းရွာမနှင့် ဆားကျင်းကျေးရွာတို့၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ကျေးရွာများရှိ သောက်သုံးရေကန်များကို ရေငန်သန့်စင်လဲလှယ်ခြင်းနှင့် လယ်မြေအတွင်း ဝင်ရောက်နေသော ရေငန်ဖောက်ထုတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်သည်။

ကျေးရွာများရှိ အခြေခံပညာ အလယ်တန်းနှင့် မူလတန်းကျောင်းများရှိ ပျက်စီးခဲ့သောစာသင်ဆောင်အချို့ကို ဝါဝါဝင်း ဆောက်လုပ်ရေးကုမ္ပဏီက ကူညီပံ့ပိုး ပြုပြင်လျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားမှုကို မထိခိုက်စေရန်အတွက် ယာယီရွက်ဖျင်တဲများ၊ ကျေးရွာဓမ္မာရုံများ၌ ယာယီစီစဉ် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းကလည်း ကျေးရွာများ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးလာစေရန် လက်တွန်းထွန်စက် ၅၈ စီး၊ ကျွဲအကောင် ၆၀ နှင့် မျိုးစပါး တင်း ၁၈၀၀ တို့ကို ဖြန့်ဝေထားပြီးဖြစ်ရာ ကျေးရွာတောင်သူလယ်သမားများလယ်ယာလုပ်ငန်းခွင်သို့ဝင်ရောက်လျက်ရှိနေပြီဖြစ်သည်။

ဆားကျင်းကျေးရွာအုပ်စု၌ စပါးစိုက်လယ်မြေဧက ၉၀၀၀ ကျော်ရှိပြီး လယ်ယာလုပ်ငန်းအတွက် လိုအပ်သော လက်တွန်းထွန်စက်၊ ကျွဲနှင့်မျိုးစပါးများကို တောင်သူများလက်ဝယ်အရောက် ရရှိကြပြီးဖြစ်ကြောင်း၊ နိုင်ငံတော်က ထွန်စက်များအတွက် လိုအပ်သော ဒီဇယ်ဆီကို ရောင်းချပေးပြီး မျိုးစပါးများ ဖြန့်ဖြူးပေးပြီးဖြစ်ရာ လယ်ယာလုပ်ငန်းများကို အချိန်မီလုပ်ဆောင်နိုင်ကြပြီဖြစ်ကြောင်းဖြင့် ဆားကျင်းလေးကျေးရွာမှ တောင်သူ ဦးအောင်ကြည်က သတင်းအဖွဲ့အား ရှင်းလင်း ပြောကြားသည်။

ဆားကျင်းကျေးရွာအုပ်စုရှိ ကျေးလက်ပြည်သူများအား တစ်ဦးလျှင် တစ်လစာဆန်၊ ပဲ၊ ဆီနှင့် စောင်၊ ခြင်ထောင်၊ တာပေါ်လင်၊ ဒန်အိုး၊ ပုဆိုး၊ လုံချည်၊ အင်္ကျီများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် လပွတ္တာမြို့မှ မော်လမြိုင်ကျွန်း-ကျိုက်လတ်-မအူပင်-ရန်ကုန် လမ်းကြောင်းအတိုင်း ပြန်လည်ထွက်ခွာ၍ လမ်းတစ်လျှောက်ရှိ မြို့၊ ရွာများ အခြေအနေ၊ မိုးစပါးစိုက်ပျိုးရေးအတွက် ထွန်ယက်ပြီးစီးမှု၊ ပျိုးထောင်ထားမှုနှင့် စိုက်ပျိုးနေမှု အခြေအနေများကို ကြည့်ရှုပြီး ရန်ကုန်မြို့သို့ မွန်းလွဲ ၂နာရီ ၁၅မိနစ်တွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြင်စလူမြို့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင်လာရောက်ကူညီဆောင်ရွက်လျက်ရှိသည့် ချင်းပြည်နယ်၊စစ်ကိုင်းတိုင်း၊ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ်ရှိ ပုဂ္ဂလိကပိုင်သင်္ဘောများ ပုံမှန်ပြေးဆွဲမှုများပြုလုပ်နေ

ရန်ကုန် ဇွန် ၁၇

မော်လမြိုင်ကျွန်းမြို့နယ် အတွင်း ပုဂ္ဂလိကပိုင် သင်္ဘောအချို့ လေဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု ရှိခဲ့သော်လည်း ယခုအခါ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲနိုင်ပြီ ဖြစ်ကြောင်းသိရသည်။ မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ပုဂ္ဂလိကသင်္ဘောများမှာ ရန်ကုန်လိုင်စင်ဖြင့် နှစ်ထပ်သင်္ဘော ရှစ်စင်း၊ တစ်ထပ်သင်္ဘောနှစ်စင်းနှင့် ဧရာဝတီလိုင်စင်ဖြင့် နှစ်ထပ်သင်္ဘော ငါးစင်း ရှိကြောင်း သိရသည်။

အဆိုပါသင်္ဘောများမှာ ယခုအခါ အလှည့်ကျ အားလုံးပြေးဆွဲလျက်ရှိနေပြီး မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ရေဘေးသင့် ကျေးရွာများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌လည်း ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

မော်လမြိုင်ကျွန်းမြို့နယ် စာသင်ကျောင်းများ ရာနှုန်းပြည့်နီးပါး ပြန်လည်ဖွင့်လှစ်သင်ကြားနေ

ရန်ကုန် ဇွန် ၁၇

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ စာသင်ကျောင်းများအနေဖြင့် ၂၀၀၈-၂၀၀၉ ခု ပညာသင်နှစ်အတွက် ရာနှုန်းပြည့်နီးပါး ပြန်လည်ဖွင့်လှစ်သင်ကြားနေပြီဖြစ်ကြောင်း သိရှိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်၌ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်း စုစုပေါင်း ၂၈၂ ကျောင်းရှိရာ ယခုအခါ စာသင်ကျောင်းများအားလုံးနီးပါး ဖွင့်လှစ်သင်ကြားနေပြီး ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များလည်း အချိန်မီ ဖြန့်ဖြူးပေးထားပြီးဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ပေးအပ်

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ကျောင်းသုံး စာရေးကိရိယာများနှင့် ပညာသင် ထောက်ပံ့ငွေများကို ငပုတောမြို့နယ် ကျောက်ကလပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းအုပ်ကြီး ဦးကျင်ရွှေအား ပေးအပ်စဉ်။

(သတင်းစဉ်)

ဒေးဒရဲဒေသ လယ်ယာမြေပြန်လည်ဖော်ထုတ်ရေးနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း မှာကြား

နေပြည်တော် ဇွန် ၁၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဇွန် ၁၄ ရက်တွင် ဒေးဒရဲမြို့ မြို့နယ် အားကစားကွင်းအနီးရှိ ဦးကျော်မြင့်ပိုင်လယ်၌ ဒေးဒရဲဒေသ လယ်ယာမြေဖော်ထုတ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရောက်ရှိနေသော ပဲခူးတိုင်း(အရှေ့ပိုင်း) နှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များက လက်တွန်းထွန်စက်များဖြင့် စုပေါင်းထွန်ယက်နေမှုကို ကြည့်ရှုအားပေးသည်။ ဒေးဒရဲဒေသအတွင်း စုစုပေါင်းလယ်မြေဧက ၃၂၈၃၂ ဧက ထွန်ယက်ပြီးစီးကြောင်း သိရှိရသည်။

ထို့နောက် ဝန်ကြီးသည် ပဲခူးတိုင်း(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းနှင့် ကချင်ပြည်နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တွေ့ဆုံ၍ ဒေးဒရဲဒေသ လယ်ယာမြေဖော်ထုတ်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဝိုင်းဝန်းကူညီ ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ဇွန် ၁၅ ရက်တွင် ကျုံဒါးကျေးရွာသို့ ရောက်ရှိပြီး ကျောင်းသစ်ဘုန်းကြီးကျောင်း ပျက်စီးနေမှုကို ကြည့်ရှု၍ ဆရာတော်အား ဖူးမြော်ကြည်ညိုကာ ဆင်းတုတော်နှင့် သင်္ကန်းများ ဆက်ကပ်လှူဒါန်းပြီး ပျက်စီးသွားသောကျောင်းဆောင် ပြန်လည်တည်ဆောက်ရေးအတွက် တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးသည် ကျေးလက်ဆေးပေးခန်း ပြန်လည်တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေင်ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်နေသည့် အထက်တန်းကျောင်းခွဲ ပြန်လည်ပြုပြင်ပြီးစီးမှုကို ကြည့်ရှုကာ လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဒေးဒရဲမြို့နယ် ဦးကျော်မြင့်ပိုင်လယ်၌ ပဲခူးတိုင်း(အရှေ့ပိုင်း) နှင့် ဧရာဝတီတိုင်းတို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များက လက်တွန်းထွန်စက်များဖြင့် စုပေါင်းထွန်ယက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (ရထား)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၈-၆-၂၀၀၈ (ဗုဒ္ဓဟူးနေ့)

(၁၃၇၀ပြည့်နှစ်၊ နယုန်လပြည့်၊ ဥပုသ်နေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။	ယောဆရာတော်ကြီး၏ ဥပ္ပါတသန္တိပါဠိတော်
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်၊ ဧရာဝတီတိုင်း ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာ ပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တဝိသုတ (အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဟောကြားတော်မူအပ်သော "ငြိမ်းချမ်းသူတို့ ခိုမှီးရာ ပြည်ခေမာတရားတော်"
၈း၂၀	၅။	အကပဒေသာ
၈း၃၀	၆။	International News.
၉း၀၀	၇။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၂၅	၃။	ဓမ္မပူဇာတေးအစီအစဉ်
၄း၄၀	၄။	လက်ဆင့်ကမ်းပေးဂီတတေး
၄း၅၀	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀	၆။	**"ကျော်သွားမှာလား ဖော်စားမှာလား" (ခန့်စည်သူ၊ပုလဲဝင်း၊ သက်မွန်မြင့်၊ ဟေမန်အောင်အောင်၊ မယ်လိုဒီ) (ဒါရိုက်တာ- မလိခစိုးထိုက်အောင်)**
၅း၀၅	၇။	ကမ္ဘာ့သွေးလှူရှင်များနေ့ အထိမ်းအမှတ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ
၅း၃၅	၈။	ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၆း၀၀	၉။	ညနေခင်းသတင်း
၆း၃၀	၁၀။	မိုးလေဝသအခြေအနေ
၆း၃၅	၁၁။	သီတဂူဆရာတော် အရှင် ဉာဏိဿရ၏ နယုန်လပြည့် မဟာသမယ ကြီးကျယ်ထူးမြတ်သည့် အခါတော်နေ့
၇း၀၀	၁၂။	မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၇း၂၀	၁၃။	ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာ သတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**မြန်မာရုပ်ရှင် "သံယောဇဉ်ယဉ်စွန်းတန်း" (ကျော်ဟိန်း၊ နိုင်းနိုင်း၊ ထက်ထက်မိုးဦး) (ဒါရိုက်တာ- ညွှန့်မြန်မာ ညီညီအောင်)**
	၁၈။	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
	၁၉။	အစီအစဉ်ပြီး၏။

အမေရိကန်သမ္မတဘုရှ် လန်ဒန်မြို့သို့ အလည်အပတ်ရောက်ရှိနေစဉ် စစ်ဆန့်ကျင်ရေး ဆန္ဒပြနေသူများနှင့် ရဲတပ်ဖွဲ့ဝင်များ ပါလီမန်ရင်ပြင်တွင် ဇွန် ၁၆ ရက်က ရုန်းရင်းဆန်ခတ်ဖြစ်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တို့ဖမ်းဆီးထားသည့် အကျဉ်းသားအချို့ အထောက်အထားမခိုင်လုံသူ၊ အငြိုးအတေးကြောင့် အဖမ်းခံရသူများဖြစ်

ဝါရှင်တန် ဇွန် ၁၆

အကြမ်းဖက်သမားအဖြစ်စွပ်စွဲကာ ကမ္ဘာတစ်လွှားရှိ အမေရိကန်အကျဉ်းစခန်းများတွင် ဖမ်းဆီးထားသော အကျဉ်းသားများအနက် ရာနှင့်ချီသော အကျဉ်းသားများမှာ မှားယွင်းဖမ်းဆီးခံရသူများ ဖြစ်ဖွယ်ရှိသည်ဟူသော အချက်ကို မက္ကလာချီသတင်းစာမှ သတင်းထောက်များက စုံစမ်းသိရှိရသည်။

သတင်းစာဆရာများသည် ကမ္ဘာ့တိုက်ကြီး သုံးတိုက်ရှိ နိုင်ငံပေါင်း ၁၁နိုင်ငံတို့မှ အကျဉ်းစခန်းများအခြေအနေကို ရှစ်လကြာ လေ့လာရာမှ အထက်ပါအချက်ကို သိရှိလာရခြင်းဖြစ်သည်။ စုံစမ်းခံရသူအကျဉ်းသားများတွင် အာဖဂန်နစ္စတန်မှ အကျဉ်းသားများ၊ ကျူးဘားမှ အကျဉ်းသားများနှင့် အခြားဒေသအများအပြားမှ အကျဉ်းသားများ ပါဝင်သည်။ အကျဉ်းသား အချို့မှာ မခိုင်လုံသော အထောက်အထားများပေါ်တွင် အခြေပြု၍ အဖမ်းခံရသူများဖြစ်ပြီး အချို့မှာ အငြိုးအတေးကြောင့်အဖမ်းခံကြရသူများဖြစ်ကြောင်း သတင်းဝက်ဘ်ဆိုက်တွင် တင်ပြထားသည်။ ဖော်ပြပါ အချက်အလက်ကို သိရှိနိုင်ရန်အတွက် အမေရိကန်တရားရေးမှ အထောက်အထားစာရွက်စာတမ်းပေါင်း များစွာကို လေ့လာခဲ့ရသည့်အပြင် အာဖဂန်မှ ဒါဇင်ပေါင်းများစွာသော ဒေသခံအရာရှိများနှင့် အကျဉ်းသားပေါင်း ၆၆ ဦးတို့ကိုလည်း တွေ့ဆုံမေးမြန်းခဲ့ရသည်ဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

နီပေါတောင်ပိုင်းတွင် ဗုံးတစ်လုံးပေါက်ကွဲ နှစ်ဦးသေဆုံး၊ ၁၇ဦး ဒဏ်ရာရ

ခတ္တမန္ဒူ ဇွန် ၁၆

နီပေါနိုင်ငံတောင်ပိုင်း ရာတာဟတ်ခရိုင်အတွင်း ကားရပ်နားရာနေရာ၌ ဇွန် ၁၄ရက်က ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး ၁၈ဦးဒဏ်ရာရရှိကြောင်းဟိမဝန္တာတိုင်းမ်သတင်းစာက ဇွန် ၁၅ရက်နေ့တွင်ဖော်ပြသည်။

ထိုပေါက်ကွဲမှုကြောင့် ဒဏ်ရာပြင်းထန်သူနှစ်ဦးအား နီးရာဆေးရုံသို့တင်ရကြောင်း ရာတာဟတ်ခရိုင်ရဲတပ်ဖွဲ့အရာရှိကပြောကြားသည်။

ရာတာဟတ်ခရိုင် ချန်ဒရာနီဂက်ပူရ်ဒေသ၌ အခင်းဖြစ်ပွားပြီး နီပေါနိုင်ငံတောင်ဘက် မြို့တော် ခတ္တမန္ဒူမှ ကီလိုမီတာ ၁၁၀အကွာခန့်တွင်တည်ရှိကြောင်း၊ ကားရပ်နားရာနေရာတွင် ဗုံးကို စပါးအိတ်ထဲ၌ထုပ်ပိုးပြီး ထည့်ထားခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်သက်သေကပြောကြားသည်။ ထိုဗုံးအား တစ်စုံတစ်ဦးကခရီးသည်အဖြစ်ဟန်ဆောင်ပြီး ထားသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

နီပေါနိုင်ငံတောင်ပိုင်း တာရိုင်ဒေသတွင် လှုပ်ရှားနေသော လူသိနည်းသည့် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့၏ လက်ချက်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဆိုမာလီယာ၌ သေနတ်သမားများက ယာဉ်မောင်းတစ်ဦးအား သတ်ဖြတ် ကုလသမဂ္ဂ စားနပ်ရိက္ခာအစီအစဉ်မှ တတိယမြောက်အသတ်ခံရသူ ယာဉ်မောင်းဖြစ်

နိုင်ရိုဘီ ဇွန် ၁၅

ဆိုမာလီယာတောင်ပိုင်းတွင် ကုလသမဂ္ဂအဖွဲ့၏ စားနပ်ရိက္ခာအစီအစဉ်အတွက် လုပ်ကိုင်နေသည့် ယာဉ်မောင်းတစ်ဦးကို သေနတ်သမားများက သတ်ဖြတ်ခဲ့ကြောင်း လူသားချင်းစာနာရေးအဖွဲ့က ဇွန် ၁၃ ရက်တွင်ပြောကြားသည်။

အာဖရိက ဦးချိုဒေသ ဆိုမာလီယာနိုင်ငံတွင် ယခုနှစ်၌ ကုလသမဂ္ဂ စားနပ်ရိက္ခာ အစီအစဉ် (ဒဗလျူအက်ဖ်ပီ)၌ လုပ်ကိုင်နေသည့်ယာဉ်မောင်းများ အသတ်ခံရမှုတွင် ယခုဖြစ်ရပ်မှာ တတိယမြောက် အသတ်ခံရမှုဖြစ်သည်။ ၎င်းသည် ထောက်ပံ့ရေးရိက္ခာများကို မြို့တော် မိုဂါဒစ်ရှုးမှ သယ်ဆောင်မောင်းနှင်လာစဉ် လီဂိုရွာအနီး၌ ပစ်သတ်ခံခဲ့ရခြင်းဖြစ်သည်။

ဆိုမာလီယာနိုင်ငံသည် လူသားချင်းစာနာရေး အေဂျင်စီများအတွက် ကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ခက်ခဲမှုအများဆုံးရှိသည့်နေရာများတွင် ပါဝင်သည့်နိုင်ငံဖြစ်သည်ဟု ဆိုမာလီယာနိုင်ငံ ဒဗလျူအက်ဖ်ပီမှ ဒုတိယညွှန်ကြားရေးမှူး ဒီနီဆီဘရေဇင်းက ပြောကြားသည်။ စားနပ်ရိက္ခာ ထောက်ပံ့ရေးများလုပ်ဆောင်နေသည့် ကုန်တင်ကားများနှင့်ဝန်ထမ်းများ ယခုကဲ့သို့အသတ်ခံရမှုကို ၎င်းတို့က ပြင်းပြင်းထန်ထန်ရှုတ်ချကြောင်း၊ တာဝန်ထမ်းဆောင်စဉ် သေဆုံးခဲ့သည့်ဝန်ထမ်းများ၏ မိသားစုဝင်များအတွက်လည်း ဝမ်းနည်းကြေကွဲရပါကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေရိုက်တာ။

တောင်ကိုရီးယား သုတေသနပညာရှင်များ နောက်ဆုံးတီထွင်ထားသော ပိုမီအမည်ရှိ ပင်ဂွင်းစက်ရုပ်တစ်ရုပ်ကို ဆိုးလ်မြို့၌ ဇွန် ၁၇ ရက်က ပြသနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တူရကီတွင် ကုန်ရထားမိုင်းထိ

ဒီယာဘာကီးယား(တူရကီ) ဇွန် ၁၆

တူရကီနိုင်ငံ အရှေ့တောင်ပိုင်းတွင် ဇွန် ၁၄ရက်က ကုန်ရထားတစ်စင်းမိုင်းထိခဲ့ရာ ရထားလုပ်သား သုံးဦးဒဏ်ရာရရှိသွားကြောင်း လုံခြုံရေးဆိုင်ရာသတင်းရပ်ကွက်က ပြောကြားသည်။

တံတားတစ်ခုကို ဖြတ်သန်းနေစဉ် မိုင်းပေါက်ကွဲသွားခြင်း ဖြစ်သဖြင့် တွဲနှစ်တွဲချောင်းအတွင်းသို့ ပြုတ်ကျခဲ့ရသည်။ မက်စ်ပြည်နယ် အုပ်ချုပ်ရေးမှူး အာဒိုဂန်ဘက်တပ်စ်က ယခုဖောက်ခွဲမှုနှင့်ပတ်သက်၍ မတရားအသင်းကြေညာခံထားရသော ကာဒစ်ပြောက်ကျားအဖွဲ့ကို အပြစ်တင်လိုက်သည်။

မကြာသေးမီလများအတွင်း တူရကီနိုင်ငံ အရှေ့တောင်ပိုင်း ကာဒစ်ဒေသတွင် အကြမ်းဖက်တိုက်ခိုက်မှုအရေအတွက်သည် မြင့်မားလျက်ရှိသည်။ ကာဒစ် ပီကေကေလက်နက်ကိုင်များနှင့် လုံခြုံရေးတပ်ဖွဲ့များအကြား တိုက်ခိုက်မှုသည်လည်း ဇွန် ၁၄ ရက်က ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်းသိရသည်။

အရှေ့ပိုင်းပြည်နယ် ဘင်ဂိုလ်တွင် သူပုန်များနှင့်တိုက်ခိုက်မှုဖြစ်ပွားရာ ပီကေကေအဖွဲ့ဝင်တစ်ဦးသေဆုံးပြီး တူရကီတပ်ဖွဲ့မှ နှစ်ဦးဒဏ်ရာရရှိသည်။

အမ်အင်အေ၊ရိုက်တာ။

ကနေဒါနိုင်ငံ အော့တဝါမြို့မှ သုံးထပ်အဆောက်အအုံ၏ လသာဆောင်ပြိုကျ

အော့တဝါ ဇွန် ၁၆

ကနေဒါနိုင်ငံမြို့တော်အော့တဝါရှိ လူနေအဆောက်အအုံတစ်ခုမှ လသာဆောင်ပြိုကျခဲ့ရာ ခြောက်ဦးထိခိုက်ဒဏ်ရာရရှိပြီး ၎င်းတို့အနက် နှစ်ဦးဒဏ်ရာပြင်းထန်ကြောင်း ဇွန် ၁၅ ရက်တွင် ဆေးဝန်ထမ်းများက ပြောကြားသည်။

အော့တဝါမြို့တွင် ဇွန်လ ၁၄ရက်ညက သုံးထပ်တိုက်အဆောက်အအုံမှ လသာဆောင်ပြိုကျခဲ့ပြီးနောက် ဆေးအကူအဖွဲ့၊ မီးသတ်သမားများနှင့် ရဲတပ်ဖွဲ့တို့အား လှမ်းခေါ်ခဲ့ကြောင်း သိရသည်။

ထိုသုံးထပ်တိုက်အဆောက်အအုံ၏အပေါ်ဆုံးထပ်မှ လသာဆောင်သည် လုံးဝကျွတ်ထွက်ပြုတ်ကျသွားခဲ့ရာ အောက်ထပ်နှစ်ထပ်မှ လသာဆောင်များလည်းပျက်စီးသွားခဲ့သည်ဟုသိရသည်။

ဆေးရုံတင်ထားရသည့် ဒဏ်ရာအလွန်ပြင်းထန်သူ နှစ်ဦး၏ အခြေအနေမှာ စိုးရိမ်ရပြီး အခြား ဒဏ်ရာပြင်းထန်သူ လေးဦး၏အခြေအနေမှာပွန်းပဲ့ခြင်း၊ ပေါက်ပြဲခြင်းနှင့် ကျိုးပဲ့ခြင်းစသည့်ဒဏ်ရာများဖြစ်သည်ဟု၎င်းကပြောကြားသည်။ ယင်းသို့ လသာဆောင် ပြိုကျရသည့်အကြောင်းရင်းကို စုံစမ်းနေဆဲဖြစ်ကြောင်း သိရှိရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**



အသက် ၈၀ ကျော်အဘိုးအိုက ဇနီးနှင့် သမီး နှစ်ဦးကို သတ်ဖြတ်

ဟယ်ဆင်ကီ ဇွန် ၁၆

ဖင်လန်နိုင်ငံ မြောက်ပိုင်း ရီတော်နီရိုဒေသတွင် တနင်္ဂနွေနေ့က အသက် ၈၈နှစ်ရှိ အဘိုးအိုတစ်ဦးက ၎င်း၏ သမီးနှစ်ဦးနှင့်ဇနီးကို ပစ်သတ်ခဲ့ပြီး ကိုယ့်ကိုယ်ကိုယ်လည်း သတ်သေခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

၎င်းသည် နေအိမ်၌ သမီးနှစ်ဦးကို ပထမဆုံး ပစ်သတ်ပြီးနောက် ဇနီးကိုလည်း ပစ်သတ်ခဲ့သည်။ ၎င်းသည် သမီးနှစ်ဦးကို ဆေးရုံသို့ ပို့ပြီးနောက် အိမ်သို့ပြန်လာကာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ခဲ့ကြောင်း ရီတော်နီရိုဒေသ ရဲချုပ် ဆက်ပိုကီနုနန်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

တောင်အာဖရိကတွင် အိဒ်စ်ဝေဒနာသည်များအား ဗီတာမင်ဆေးဝါးပေး၍ကုသသည့် စမ်းသပ်မှု ပိတ်ပင်

ကိပ်တောင်း ဇွန် ၁၅

တောင်အာဖရိကနိုင်ငံတွင် အိဒ်စ်ရောဂါ စွဲကပ်နေသူများကို ဗီတာမင်ဆေးဝါးများပေး၍ ကုသသည့် စမ်းသပ်မှုကို ဆေးရုံဆေးခန်းအဆင့်၌ စူးစမ်းလေ့လာလျက်ရှိရာ ယင်းသို့ စမ်းသပ်ခြင်းကို ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် တောင်အာဖရိက တရားရုံးက ဇွန် ၁၃ ရက်တွင် အမိန့်ထုတ် တားမြစ်လိုက်သည်။

ဖော်ပြပါစမ်းသပ်မှုကိုဆောင်ရွက်နေသော ဆေးပညာရှင်အဖွဲ့တွင်တောင်အာဖရိကနိုင်ငံသမ္မတ သာဘိုအမ်ဘီကီ၏ အကြံပေးအရာရှိဟောင်း ဒေါက်တာ ဒေးဗစ်ရပ်စ်နစ်လည်းပါဝင်သည်။ ဤစမ်းသပ်မှုတွင်ပါဝင်သော အခြားထင်ရှားသူတစ်ဦးမှာ ဂျာမန်ဆေးပညာရှင် မက်သီးရပ်စ်ရှဒ်သ် ဖြစ်သည်။

အထက်ပါအဖွဲ့၏ စမ်းသပ်မှုသည်တရားဝင်ခြင်းမရှိကြောင်း၊ မပြုလုပ်သင့်ကြောင်းကို တောင်အာဖရိကနိုင်ငံ ဆေးပညာရှင်များအဖွဲ့ဖြစ်သည့် ရောဂါကုသတိုက်ဖျက်ရေးအဖွဲ့ (တီအေစီ)နှင့် တောင်အာဖရိက ဆရာဝန်များအသင်း (အက်စ်အမ်အေ)တို့ တင်ပြကန့်ကွက်ခဲ့ကြခြင်းဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ။**

ဟွန်ဒါမော်တော်ကားကုမ္ပဏီက ဟိုက်ဒရိုဂျင်လောင်စာသုံးစွဲပြီး ကာဗွန်ဒိုင်အောက်ဆိုက်မထွက်သော မျိုးဆက်သစ်ကား FCX CLARITY ကို ဇွန် ၁၆ ရက်က စမ်းသပ်မောင်းနှင်ပြသနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မတည်မငြိမ်ဖြစ်နေသော ချဒ်နိုင်ငံ ဂေါ်ဇ်ဘီဒါမြို့၌ ချဒ်သောင်းကျန်းသူများကို ဇွန် ၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒက္ကာမြို့ဝန်းကျင်မှ မြစ်ရေများ ညစ်ညမ်းလျက်ရှိ

ဒက္ကာ ဇွန် ၁၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော် ဒက္ကာတစ်ဝိုက်တွင် စီးဆင်းနေသော မြစ်များမှရေသည် သက်ရှိသတ္တဝါများ အသက်မရှင်နိုင်သည့် အဆင့်ထိ ညစ်ညမ်းလျက်ရှိကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သုံးနှစ်ကြာ သုတေသနပြုရာတွင် ထိုမြစ်ရေအများစုအတွင်း အောက်စီဂျင် ပါဝင်မှုအဆင့်သည် တစ်မိုက္ကရိုဂရမ်တွင် အဆင့်တစ်အောက် လျော့နည်းလျက်ရှိကြောင်း တွေ့ရသည်။ ဒေသဆိုင်ရာ ငါးမျိုးအားလုံးသည် တစ်မိုက္ကရိုဂရမ်တွင် အဆင့် ၄ မှ ၆ အတွင်းရှိမှသာ အသက်ရှင်သန်နိုင်သည်။

ဘင်္ဂလားဒေ့ရှ် အင်ဂျင်နီယာနှင့် နည်းပညာတက္ကသိုလ်၏ ရေအရင်းအမြစ်ဌာနက သုတေသန ပြုခြင်းဖြစ်ကြောင်း သည်ဒေလီစတား သတင်းစာက တနင်္ဂနွေနေ့တွင် ဖော်ပြထားသည်။

ထိုမြစ်များအတွင်းသို့ စက်ရုံများမှ စွန့်ထုတ်ရေများ၊ စည်ပင်သာယာ မိလ္လာအညစ်အကြေးများ၊ စိုက်ပျိုးရေးသုံး ဓာတုဗေဒပစ္စည်းများနှင့် ရွှံ့နွံများ စီးဆင်းဝင်ရောက်လျက်ရှိသည်။

အမ်အင်အေ၊ ဆင်ဟွာ

စီချွမ်ပြည်နယ်မြို့ ၁၃မြို့ ကမ္ဘာလှည့်ခရီးသည်များအတွက် ပြန်လည်ဖွင့်လှစ်

ချန်ဒူး ဇွန် ၁၇

ငလျင်ဒဏ်ခံခဲ့ရသော စီချွမ်ပြည်နယ်တွင် ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းသောအားဖြင့် ကမ္ဘာလှည့်ခရီးသည်များအား ဒေသ၏ မြို့ကြီး ၁၃ မြို့ကို စနေနေ့က ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

စီချွမ်ပြည်နယ် ခရီးသွားလာရေးဌာနမှ သတင်းအရ အဆိုပါ ၁၃ မြို့မှာ ဇီဂေါင်၊ ပန်ဇီဟွာ၊ လူဇူ၊ ဝိုင်နင်၊ နိုင်ဂျန်၊ လီရှန်၊ နန်ချုံ၊ ယီဗင်၊ ဂေါင်အန်၊ ဒါဇူ၊ မိုင်ရှန်နှင့် လီရန်ရှန်တို့ဖြစ်သည်။

ငလျင်ဒဏ်မခံရသော ဒေသအတွင်းမှ ခရီးသွားလုပ်ငန်းသည် ယခုနှစ်ကုန်တွင် အခွန်ငွေကောက်ခံရရှိမှု ၂၀ ရာခိုင်နှုန်းတိုးလာမည်ဟု အဆိုပါဌာနချုပ်က မျှော်လင့်ထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အစ္စတန်ဘူမြို့ လက်ဖက်ရည်ဆိုင်အတွင်း ဗုံးပေါက်ကွဲမှုဖြစ်ပွား၊ ငါးဦးဒဏ်ရာရ

အစ္စတန်ဘူ ဇွန် ၁၇

တူရကီနိုင်ငံ အစ္စတန်ဘူမြို့ လက်ဖက်ရည်ဆိုင် တစ်ဆိုင်အတွင်း ပေါက်ကွဲမှုဖြစ်ပွားရာ ငါးဦး ဒဏ်ရာရရှိသွားကြောင်း စီအန်အန်တပ် အသံလွှင့်ဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အစ္စတန်ဘူ မြို့စွန်ရပ်ကွက်တစ်ခုအတွင်းမှ ရဲစခန်းအနီးတွင် ဖြစ်ပွားခဲ့သော အဆိုပါ ပေါက်ကွဲမှုကို ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။ ဖောက်ခွဲရေးသမားသည် အသံကို ကျယ်လောင်စွာမည်စေပြီး ပျက်စီးမှု အနည်းငယ်သာ ဖြစ်စေသောအသံဗုံးကို အသုံးပြု ဖောက်ခွဲခဲ့ခြင်းဖြစ်သည်ဟု စီအန်အန်တပ်က ရေးသားသည်။

ဒဏ်ရာရရှိသော ငါးဦးသည် တူရကီနိုင်ငံ အမျိုးသားအသင်းနှင့် ချက်ရီပတ်ဘလစ်အသင်းတို့ ကစားသော ယူရို ၂၀၀၈ ဘောလုံးပွဲကို လာရောက်ကြည့်ရှုသူများဖြစ်ကြောင်း ဆက်လက်ရေးသားထားသည်။

အမ်အင်အေ၊ ရိုက်တာ

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ဒေသတွင် ငလျင်ဒုက္ခသည်များ စားသောက်ရေး အဆင်ပြေစေရန်အတွက် ဖွင့်လှစ်ပေးထားသော အရေးပေါ်ဆိုင်တစ်ဆိုင်ကို ဇွန် ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်တွင် ထောင်ဖောက်ပြေးသူ တာလီဘန်များကိုရှာဖွေ လေကြောင်းမှတိုက်ခိုက်၍ ၁၅ ဦးသေဆုံး

ကဘူးလ် ဇွန် ၁၇

အာဖဂန်နစ္စတန်နိုင်ငံတွင် ထောင်ဖောက်၍ထွက်ပြေးသော တာလီဘန်များအပါအဝင် အကျဉ်းသား ရာပေါင်းများစွာကို အမေရိကန်ဦးဆောင်၍ အာဖဂန်တပ်ဖွဲ့များက ရှာဖွေရာတွင် သောင်းကျန်းသူ ၁၅ ဦးကို သုတ်သင်ခဲ့ကြောင်း အမေရိကန်စစ်ဘက်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ကန်ဒါဟာပြည်နယ်တောင်ပိုင်း မြို့တစ်မြို့တွင် သောကြာနေ့ ညမှောင်လာသည့်အချိန်တွင် ထောင်ဖောက်ခဲ့ခြင်းဖြစ်သည်။ အစိုးရကိုထောက်ပံ့ပေးနေသော နိုင်ငံခြားတပ်ဖွဲ့များ အရေအတွက်တိုးမြင့်လာသော်လည်း ဆူပူမှုအရေအတွက်မှာ မြင့်မားလာလျက်ရှိသည်။

တိုက်ခိုက်

မဟာမိတ်တပ်ဖွဲ့ဝင်များသည် ကန်ဒါဟာပြည်နယ် ရာဝိုနေအနောက်ပိုင်းတွင် သောင်းကျန်းသူများ၏ ပစ်ခတ်ခြင်းကို ခံရပြီးနောက် စိုက်ပျိုးရေးခြံတစ်ခုကို စနေနေ့က လေကြောင်းမှတိုက်ခိုက်ခဲ့ရာ သောင်းကျန်းသူ ၁၅ ဦး သေဆုံးကြောင်း အမေရိကန်စစ်တပ်က ပြောကြားသည်။

လက်နက်ခဲယမ်းမီးကျောက်များနှင့် ဗုံးလုပ်ရာတွင် အသုံးပြုသောကိရိယာများကိုတွေ့ရှိခဲ့ပြီး သံသယရှိသူ ငါးဦးကိုလည်း ဖမ်းဆီးခဲ့ကြောင်း အမေရိကန်စစ်ဘက်မှ ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

အိန္ဒိယ၌မြေပြို၊ ကားတစ်စီးချောက်ထဲကျ ၃၁ ဦးသေဆုံး၊ ခြောက်ဦးဒဏ်ရာရ

ဂူဝါဟာတီ(အိန္ဒိယ) ဇွန် ၁၇

အိန္ဒိယနိုင်ငံ တောင်တန်းဒေသ ပြည်နယ်နှစ်ခုတွင် မတော်တဆမှုနှစ်မှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး ၃၁ ဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဂူနာချယ်ပရာဒစ်ချ် ပြည်နယ်တွင် တနင်္ဂနွေနေ့ ညစောစောပိုင်းက မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် မြေပြိုရာ အမျိုးသမီး ခုနစ်ဦးအပါအဝင် ၁၅ ဦး သေဆုံးသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

မြေပြို

ယခုအချိန်ထိ၁၅ဦး၏အလောင်းများကို ပြန်လည်ဖော်ထုတ်ပြီးဖြစ်ကြောင်း၊ ဝေးလံခေါင်းပါးသော ဒေသများမှ မြေပြိုသော သတင်းများကို ရရှိလျက်ရှိကြောင်း၊တရုတ်နိုင်ငံနှင့် နယ်စပ်ချင်းထိလျက်ရှိသော တောင်တန်းပြည်နယ်၏မြို့တော် အိုင်တောနာဂါ အစိုးရအရာရှိတစ်ဦးက ပြောကြားသည်။

မြို့တွင်းနှင့် မြို့ဝန်းကျင်တွင် မော်တော်ယာဉ်များလည်း ပြိုကျလာသောရွှံ့နွံများနှင့်အတူ မျောပါသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ လမ်းများပေါ်တွင် အပျက်အစီးများဖြင့် ပိတ်ဆို့လျက်ရှိရာ ကယ်ဆယ်ရေးသမားများအတွက် အဟန့်အတားဖြစ်နေကြောင်း ၎င်းတို့က ဆက်လက်ပြောဆိုသည်။

ကားတစ်စီးထိုးကျ

မြောက်ပိုင်းပြည်နယ် ဟီမာချယ်ပရာဒစ်ချ်တွင်လည်း တနင်္ဂနွေနေ့က ဘတ်စ်ကားတစ်စီးသည် တောင်ကြားတစ်ခုအတွင်းသို့ ထိုးကျခဲ့ရာ ၁၆ ဦး သေဆုံးကြောင်း ထိပ်တန်းရဲအရာရှိတစ်ဦးက သတင်းထောက်များကို ပြောကြားသည်။ ဒဏ်ရာရရှိသူ ခြောက်ဦးကို ဆေးရုံသို့ တင်ပို့ခဲ့ပြီး အသက်ရှင်လျက် ရှိနေသူများကို ဆက်လက် ရှာဖွေလျက်ရှိကြောင်း ၎င်းကဆက်လက်ပြောဆိုသည်။

အမ်အင်အေ၊ရိုက်တာ

တောင်အာဖရိက လေဆိပ်၌ ကိုကင်းများ သိမ်းဆည်းရမိ

ဂျိုဟန်နက်စဘတ် ဇွန် ၁၇

အာဖရိကတောင်ပိုင်း ဂျိုဟန်နက်စဘတ်နှင့် ကိတ်တောင်းမြို့တို့၏ အဓိကလေဆိပ်တွင် တောင်အာဖရိကငွေကြေး ရန်း ၂ ဒသမ ၅သန်း တန်ဖိုးရှိ ကိုကင်းများကို သိမ်းဆည်းရမိကြောင်း ရဲတပ်ဖွဲ့က စနေနေ့တွင် ပြောကြားသည်။

သတင်းရရှိပြီးနောက် ဂျိုဟန်နက်စဘတ်မြို့၏ အော်တမ်ဘို နိုင်ငံတကာလေဆိပ်တွင် ဆိုင်ကယ်အစိတ်အပိုင်း ပို့ကုန်ပစ္စည်းများနှင့်ရောနှော၍အဆိုပါ မူးယစ်ဆေးဝါးကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ပြောရေးဆိုခွင့်ရှိသူ လေယာဉ်မှူးဒီနက်အာဒရီအိုက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ

ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ကျင်းပသည့် ရှေးရိုးအစဉ်အလာပွဲတစ်ခု၌ ရှေးထုံးစံအတိုင်း ဝတ်ဆင်ကာ ပါဝင်ဆင်နွှဲသူအချို့ကို ဇွန် ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆရာတော် ဦးသုမင်္ဂလတရားပွဲ

ရန်ကုန် ဇွန် ၁၇

မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက် ဝေပုလ္လ(၁)လမ်း၊ ဝိဇယမေ္မာရုံကြီးတွင် မန္တလေးတိုင်း ပြည်ကြီးတံခွန်မြို့နယ် မိဂဒါဝုန်ကျောင်းတိုက် မိုးကုတ်ဝိပဿနာရိပ်သာ ဆရာတော် ဦးသုမင်္ဂလ အရှင်သူမြတ်က ဝိပဿနာ အလုပ်ပေးတရားတော်များကို ဇွန် ၁၈ ရက်နှင့် ၁၉ ရက်ည ၇ နာရီတွင် ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားမည်ဖြစ်ပါသောကြောင့် တရားနာလိုသောဓမ္မမိတ်ဆွေများအား ဖိတ်ကြားထားကြောင်း သိရသည်။

(က-ပ)

မုတ်သုံလေ အားကောင်းမည်

မြန်မာနိုင်ငံနှင့်အနီးပတ်ဝန်းကျင်နိုင်ငံများအတွက် မိုးလေဝသမြေပြင်အနေပြမြေပုံ



ရန်ကုန် ဇွန် ၁၇

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ

လွန်ခဲ့သော ၂၄ နာရီ အတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ သံတွဲမြို့တွင်၇ ဒသမ ၉၆ လက်မ၊ ခန္တီးမြို့တွင် ၄ ဒသမ ၇၂ လက်မ၊ ရွှေကျင်မြို့တွင် ၄ ဒသမ ၄၅ လက်မ၊ ပူတာအိုမြို့တွင် ၄ ဒသမ ၁၇ လက်မ၊ မောင်းတောမြို့တွင် ၃ ဒသမ ၉၄ လက်မ၊ သထုံမြို့တွင် ၃ ဒသမ ၇၄ လက်မ၊ ကော့ကရိတ်မြို့တွင် ၃ ဒသမ ၂၃ လက်မ၊ မော်လ မြိုင်မြို့တွင် ၂ ဒသမ ၉၉ လက်မ၊ ဘားအံမြို့တွင် ၂ ဒသမ ၆၀ လက်မ၊ ထားဝယ်မြို့တွင် ၂ ဒသမ ၄၄ လက်မနှင့် မချမ်းဘောမြို့တွင် ၂ ဒသမ ၃၆ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားကောင်းနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အလွန်ကောင်းနေသည်။

ဇွန် ၁၈ရက် ညနေအထိ ခန့်မှန်းချက်မှာ

ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာပြီး ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်မှ မိုင် ၅၀ ထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော
မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်
၃၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၈၉ ဒီဂရီဖာရင်ဟိုက်) ၁၆-၆-၂၀၀၈

အနိမ့်ဆုံးအပူချိန်
၂၂ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၇၂ ဒီဂရီဖာရင်ဟိုက်) ၁၇-၆-၂၀၀၈

၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၉ ရာခိုင်နှုန်း ၁၇-၆-၂၀၀၈

နေပူသည့်နာရီပေါင်း ၁ ဒသမ ၃ နာရီခန့် ၁၆-၆-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၁၇-၆-၂၀၀၈	၂မမ(၀.၀၇လက်မ)	၈မမ (၀.၃၂လက်မ)	၂၁မမ (၀.၈၂လက်မ)
၁-၁-၂၀၀၈မှ ယနေ့အထိ	၉၁၂မမ(၃၅.၉၀လက်မ)	၁၀၉၆မမ(၄၃.၁၅လက်မ)	၁၄၂၂မမ(၅၅.၁၆လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံး လေတိုက်နှုန်းမှာ ၁၆-၆-၂၀၀၈ ရက် ၁၁း၅၀ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ၁၈ မိုင်နှုန်း တိုက်ခတ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ရုံးအမှတ်(၇)၊ နေပြည်တော်
လက်ထောက်ကွန်ပျူတာစီစဉ်ရေးမှူးရာထူးနှင့် ပုံနှိပ်ကျွမ်းကျင်-၄(ကွန်ပျူတာ)ရာထူးများအတွက်
လျှောက်လွှာခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ နေပြည်တော်သတင်းစာတိုက်တွင် လစ်လပ်လျက်ရှိသည့် အောက်ဖော်ပြပါ ရာထူးများအတွက် သတ်မှတ်အရည်အချင်းနှင့်ပြည့်မီသူများလျှောက်ထားနိုင်ပါသည်-

စဉ်	ရာထူး	လစ်လပ်	ပညာအရည်အချင်း
(က)	လက်ထောက်ကွန်ပျူတာစီစဉ်ရေးမှူး (လစာနှုန်းကျပ် ၃၃၀၀၀-၁၀၀၀-၃၈၀၀၀)	(၁၀)နေရာ	တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။ **ကွန်ပျူတာစာစီ၊ စာရိုက်ကျွမ်းကျင်ရမည်။ ၎င်းအပြင် Graphic Design နှင့် စာအပြင်အဆင် (Layout) လုပ်ငန်းများ တတ်ကျွမ်းရမည်။**
(ခ)	ပုံနှိပ်ကျွမ်းကျင် - ၄ (ကွန်ပျူတာ) (လစာနှုန်းကျပ် ၂၇၀၀၀-၁၀၀၀-၃၂၀၀၀)	(၂၀)နေရာ	တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူ ဖြစ်ရမည်။ **ကွန်ပျူတာ စာစီ၊စာရိုက်ကျွမ်းကျင်ရမည်။**

၂။ လျှောက်ထားသူများသည်-
(က) ပြည်ထောင်စု မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၁-၇-၂၀၀၈ ရက်နေ့တွင် အသက် ၃၀ နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်) ထက်မကျော်လွန်သူ ဖြစ်ရမည်။
(ဂ) နေပြည်တော်တွင် တာဝန်ထမ်းဆောင်နိုင်သူ အမျိုးသားဖြစ်ရမည်။
(ဃ) အနည်းဆုံးလုပ်သက်တစ်ဆက်တည်း ၅ နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ **လျှောက်လွှာကို ကိုယ်ရေးရာဇဝင်အကျဉ်းနှင့်အတူ အောက်ပါ စာရွက်စာတမ်းများ ပူးတွဲလျက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်)၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ ၃၀-၆-၂၀၀၈ ရက်နေ့ နောက်ဆုံးထားပေးပို့ရမည်-**
(က) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ
(ခ) သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း
(ဂ) ရပ်ကွက်/မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်း
(ဃ) သက်ဆိုင်ရာ မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံးတွင် အလုပ်သမားမှတ်ပုံတင်ထားသည့် အလလကခ ပုံစံ-၂ မိတ္တူ
(င) လိုင်စင်ဓာတ်ပုံ(၄)ပုံ (ဓာတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ် ရေးသားရန်)
(စ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

၄။ ဝန်ထမ်းများသည် မိမိတို့၏လျှောက်လွှာများကို **တာဝန်ထမ်းဆောင်ရာဌာန/ အဖွဲ့အစည်းများမှတစ်ဆင့် ၃၀-၆-၂၀၀၈ ရက်နေ့ နောက်ဆုံးထား၍ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်)၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ နောက်ဆုံးထား ပေးပို့ရမည်။**

၅။ အရည်အချင်းစစ်ဆေးခြင်းကို ၁၁-၇-၂၀၀၈ ရက်နေ့၌ **နေပြည်တော် သတင်းစာတိုက်**တွင် ပြုလုပ်သွားမည်ဖြစ်သည်။ အရည်အချင်းစစ်ဆေးရာတွင် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတတို့ကိုဖြေဆိုပြီး ကွန်ပျူတာကျွမ်းကျင်မှုကိုပါ လက်တွေ့စစ်ဆေးသွားမည်ဖြစ်သည်။

၆။ ဖြေဆိုမည့်သူများအနေဖြင့် ၁၀-၇-၂၀၀၈ ရက်နေ့တွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ရုံးချုပ်)၊ ရုံးအမှတ်(၇)၊ နေပြည်တော်သို့ သတင်းပို့ရန်နှင့် ဖြေဆိုခွင့်ကတ်ပြားများ လာရောက်ထုတ်ယူရမည်။

၇။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်(၇)၊ နေပြည်တော် (တယ်လီဖုန်းအမှတ်-၀၆၇-၄၁၂၁၂၃)သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

လေဘေးသင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးတွင် ဆေးဝန်ထမ်းတပ်ဖွဲ့များ ပါဝင်ဆောင်ရွက်

နေပြည်တော် ဇွန် ၁၇

လေဘေးသင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၆ ရက်တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် တပ်ဖွဲ့ဝင်များမှ အထူးဆေးအဖွဲ့တစ်ဖွဲ့သည် လပွတ္တာမြို့နယ်(၃)မိုင်စခန်း၊ (၅)မိုင်စခန်းနှင့် ရတနာဒီပ အားကစားကွင်းတို့တွင် ဆေးဖျန်းဆေးမှုတ်ခြင်း၊ ရေသန့်ဆေးခတ်ခြင်းနှင့် ရောဂါကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အလားတူ မြောင်းမြ၊ ဘိုကလေး၊ ဖျာပုံ၊ ပုသိမ်၊ ဟိုင်းကြီးကျွန်း၊ ငပုတောမြို့နယ်များတွင်လည်း အထူးဆေးအဖွဲ့များသည် ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့် ပူးပေါင်း၍ နယ်မြေဒေသအလိုက် ရောဂါကာကွယ်ရေးနှင့် ဆေးကုသရေးလုပ်ငန်းများကို ဝိုင်းဝန်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ယခုတစ်ပတ် ရန်ကုန်တိုင်းမ်ဂျာနယ်ထွက်ရှိ

ရန်ကုန် ဇွန် ၁၇

“ဈေးကွက်စီးပွားရေးအသီးအပွင့်ကြောင့် ပေါ်ထွန်းလာခဲ့သော စီးပွားရေးလုပ်ငန်းကြီးများ၏ ကြီးမားသော အခန်းကဏ္ဍဖြင့် နာဂစ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများထိရောက်” စီးပွားရေးလုပ်ငန်းရှင်များ၊ ပညာရှင်များ၏ ထင်မြင်သုံးသပ်ချက်များ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ်အတွဲ(၄) အမှတ်(၂၃) ယခုတစ်ပတ် ထွက်ရှိလာသည်။

ထို့အပြင် ကမ္ဘာတွင်ပထမဆုံး အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာမဟာသိပ္ပံတက္ကသိုလ်ကြီး မြန်မာပြည်တွင် ဆောက်လုပ်လျှဒါန်းရန်စီစဉ်နေ၊ မုန်တိုင်းကြောင့်မြတ်မော်တင်စွန်းဘုရားထီးတော်ကျိုးကျ၊ တစ်လအတွင်း လနှစ်ကြိမ်ကွယ်ခြင်းမှာ ထူးခြားသည့်ဖြစ်စဉ်မဟုတ်ဟုဆို၊ တွံတေး၊ ကော့မှူးရှိ လေဘေးသင့်ပြည်သူများအတွက် မီဒီယာလုပ်ငန်းများက ကျပ် ၁၄၁ သိန်းဖိုးရှိ အလှူငွေနှင့် ပစ္စည်းများလှူ၊ မြန်မာနှင့် စီးပွားရေးအရှိန်အဟုန်မြှင့်ရန် ကိုရီးယားစီးပွားရေးမစ်ရှင်အဖွဲ့လာမည်၊ ရေလုပ်ငန်းပြန်လည်ထူထောင်ရေးအတွက် ကျပ်သုံးဘီလီယံအထိ တိုးမြှင့်သုံးစွဲမည်၊ တွံတေး၊ ကော့မှူးကျောင်းများ အကြွေးစနစ်ဖြင့်ကျောင်းအပ်လက်ခံ၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ တိကျစွာဆောင်ရွက်နိုင်ရန်ဂြိုဟ်တုဓာတ်ပုံ အသုံးချသင်တန်းဖွင့်မည်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ **“မိုးရာသီနှင့် ကျန်းမာရေး”** အကြောင်း စသည့်ပြည်တွင်းရေးရာသတင်း ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

ယူရို-၂၀၀၈ ဘောလုံးပွဲတွင် ခရိုအေးရှားအသင်း ကွာတားဖိုင်နယ်တက်ပြီ အားကစားသုံးသပ်သတင်းအပါအဝင် ဂျပန်မြောက်ပိုင်းတွင် အင်အားပြင်းထန်သော ငလျင်လှုပ်၊ လူခြောက်ဦးသေဆုံး ၂၀၀ ကျော်ဒဏ်ရာရ၊ အာဆီယံ+၃ အလုပ်ရုံဆွေးနွေးပွဲက ဘေးအန္တရာယ်ကယ်ဆယ်ရေး ပူးပေါင်းဆောင်ရွက်ရန်တိုက်တွန်း၊ မလေးရှားတွင် ဒီဗွီဒီခိုးကူးခွေ ဖော်ထုတ်ရေး အနံ့ခံခွေးသေဆုံး၊ အီဂျစ်ငြိမ်းချမ်းရေးတမန် မူစတာဖာခါလီလ် ကွယ်လွန်ပြီ၊ သွေးချိုဆီးချိုရောဂါရှိသူများ ရောဂါစစ်ခြင်းအားနည်းမှုကြောင့် မျက်စိကွယ်နိုင်၊ ဟောလိဝုဒ်ရုပ်ရှင်ကားများ iPods တွင် ကူးပြောင်းကြည့်ရှုနိုင်တော့မည်၊ **“အဲဒီကိုရောက်ဖူးချင်လို့ပါ”** ဟာသကဏ္ဍသစ်၊ **“ဇနီးနှင့်သမီးငယ်ကိုသတ်မှုဖြင့် ဗြိတိသျှအမျိုးသားစွဲချက်တင်ခံရ”**၊ နိုင်ငံတကာမှုခင်းရေးရာ၊ **“ပြောရဦးမယ် သူတို့ကဒီလိုတဲ့”** နိုင်ငံတကာဖျော်ဖြေရေးကဏ္ဍသစ်စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေး၊ နည်းပညာ၊ အားကစားကဏ္ဍစုံလင်စွာဖြင့် **e-Empire Media House** က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

ဒေါ်ဂျာဘူး [၁၂/ဒဂန(နိုင်)၀၁၃၅၈၇]နှင့် အများသိစေရန်

ဒေါ်ဂျာဘူး [၁၂/ဒဂန(နိုင်)၀၁၃၅၈၇] အမှတ်(၈၀၁)၊ ရွှေသံလွင်ကွန်ဒို၊ ဗဟန်းမြို့နယ်နေထိုင်သူအား ၂၀၀၇ ခုနှစ်၊ ဩဂုတ်လ(၂၀)ရက်နေ့နောက်ပိုင်း အမွေထိန်းကိစ္စအတွက် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါသည်။

အမှုသည် ဦးအက်စ်အမ်အဘာတ်စ်
ISN-050350 ညွှန်ကြားချက်အရ
ဦးလှဖေ တရားရုံးချုပ်ရှေ့နေ
စဉ် - ၆၃၀၁
၂၉၁၊ မင်းကြီးလမ်း၊ အင်းစိန်

လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်မ မသွယ်သွယ်(ခ)မနော် [၁၂/ကမန(နိုင်)၀၆၆၄၁၀]နှင့် ဦးမေတ္တာ(ခ)ဦးကျော်ရှိန်[၁၂/ပဇတ(နိုင်)၀၁၅၈၃၃] တို့သည် စိတ်သဘောထားချင်းမတိုက်ဆိုင်ပါသဖြင့် ၃၀-၄-၂၀၀၈နေ့မှ စ၍ တရားဝင် ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း၊ နောက်နောင် ဦးမေတ္တာ(ခ)ဦးကျော်ရှိန်နှင့် ပတ်သက်၍ မည်သည့်ကိစ္စမှ ကျွန်မ မသွယ်သွယ်(ခ)မနော်နှင့် မသက်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မသွယ်သွယ်(ခ)မနော်
(၂)ရပ် ကွက်၊ အမှတ်(၁၃၇/B)၊
(၅၇)လမ်း၊ ပုဇွန်တောင်

အသိပေးတားမြစ်ခြင်း

ကျွန်မ ဒေါ်မြမြဝင်း [၉/မကန(နိုင်)၀၅၉၁၈၂]နှင့် ဦးဘရန်အောင် [၉/မကန(နိုင်)၀၅၁၈၀၃] တို့သည် သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ လုံးဝမသက်ဆိုင်တော့ပါ။ ကျွန်မတို့နှစ်ဦးပိုင် ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို ကျွန်မနှင့် သားသမီးသုံးဦးတို့၏ သဘောတူခွင့်ပြုချက်မရှိဘဲ လွှဲပြောင်း ရောင်းချခြင်းပြုပါက တရားဥပဒေအရ အရေးယူသွားမည် ဖြစ်ကြောင်းအသိပေးတားမြစ်အပ်ပါသည်။

ဒေါ်မြမြဝင်း [၉/မကန(နိုင်)၀၅၉၁၈၂]

ရှောင်လေဝေးဝေး
မူးယစ်ဆေး

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

* ပြည်တွင်း၊ ပြည်ပ ဆန့်ကျင်ဘက်များနှင့် အတ္တသမား၊ မသမာသူများသည် လေဘေးကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မမှန်မကန် လုပ်ကြံသတင်းများ ဖန်တီးလျက် ဗီဒီယိုရိုက်ကူးပြီး ပြည်ပသတင်းဌာနများသို့ ပေးပို့ကာ ကိုယ်ကျိုးရှာလျက် ရှိကြသည်။

* လေဘေးသင့် ပြည်သူများအနေဖြင့် အတ္တသမား၊ မသမာသူများ၏ မသမာသော သွေးဆောင်မှုများကို အမျိုးသားရေးစိတ်ဓာတ်ဖြင့် သတိထားရှောင်ရှားကြရန် နှိုးဆော်အပ်ပါသည်။

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ BBC ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေးသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစားပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း- ၀၆၇ ၄၀၄၀၂၂ နှင့်

ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။